ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာ သူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၄ ရက် အင်္ဂါနေ့။ Tuesday, 27 June 2017 (၈၉၆၈)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ




**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာ ဝင်းမြတ်အေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ၊ INGO၊ NGOများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး ကမ္ဘာ့လူသားထုတစ်ရပ်လုံးနှင့် နိုင်ငံအသီးသီးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ရန်ကုန်တိုင်းဒေသကြီး၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**ရန်ကုန် ဇွန် ၂၆**

အကြိမ် (၃၀) မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ယနေ့ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများသည် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်၊ မွန်၊ ကရင်ပြည်နယ်၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့က ဖမ်းဆီးရမိပြီး တရားရုံးပြီးပြတ်ချက်ရရှိပြီးသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**




အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၅

ပြဋ္ဌာန်းပြီး ဥပဒေများအား လိုက်နာကျင့်သုံးရန်နှင့် အပြစ်ပေး အရေးယူမှုများ ဆောင်ရွက်သွားရန် လိုအပ်

စာမျက်နှာ - ၅

ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ လွိုင်ကော်မြို့၌ ကျင်းပ

စာမျက်နှာ - ၇

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## လူသားအားလုံး သက်တမ်းစေ့နေနိုင်ရေး

လူ့လောကတွင် ရပ်တည်နေထိုင်ကြသူများအနက် လူအများစုသည် အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိ၏ ခန္ဓာကိုယ်ဇဟိဒ္ဓ ဖြစ်ပေါ်ပြောင်းလဲမှုတို့ကို သေချာစွာရှုမြင်ဆင်ခြင်နိုင်ခြင်းမရှိဘဲ အမှုမဲ့ အမှတ်မဲ့ နေထိုင်တတ်ကြသည်။ မိမိတို့၏ နိစ္စဓူဝ ဗာဟီရကိစ္စများသည်ကို အကြောင်းပြု၍လည်းကောင်း၊ တရားသဘောအရ မိမိကိုယ်မိမိ ဆင်ခြင် နိုင်စွမ်းနည်း၍လည်းကောင်း၊ ဆေးဖိုးဝါးခငွေကြေးအတိုင်းတာအရ တတ်နိုင်ခြင်းငှာ မစွမ်းသာ၍လည်းကောင်း မိမိခန္ဓာအတွင်း တစ်နေ့ ထက်တစ်နေ့၊ တစ်စထက်တစ်စ ပျက်စီးယိုယွင်းခြင်းတို့ကို အလေးမမူမိ၊ သတိမထားမိဖြစ်ရသည်ဟု ဆိုချင်သည်။

ထို့အပြင် ရုပ်သဏ္ဌာန်ဖြင့်ဖွဲ့စည်းထားသော မိမိတို့ခန္ဓာကိုယ်၌ ဓာတ်ကြီးလေးပါး ညီညွတ်မျှတခြင်းမရှိပါက အသက်အရွယ်မရွေး ခန္ဓာပျက်စီးခြင်းဖြစ်နိုင်သည်ကိုလည်း အမှုမဲ့အမှတ်မဲ့သဘောပင် ရှိတတ်ကြသည်။ နောက်ဆုံးအချိန် ခန္ဓာကိုယ်ယိုယွင်းပျက်စီးမှုအဆင့် မရှုနိုင်မကယ်နိုင်ဖြစ်သည့်အခါမှသာ ကယ်တင်ရှင်သမားတော်တို့ထံ အပြေးအလွှားအရောက်သွားတတ်ကြသည်။ အမှန်တကယ်တွင် လူ့လောက၌ လူတို့၏ ပျက်စီးခြင်းသဘောတို့ကြောင့် အနိစ္စသဘော ချုပ်ငြိမ်းခြင်းတို့ကို မြင်တွေ့ကြားသိနေရသော်လည်း နိုင်ငံတစ်ဝန်း၌ မသိမကြားရသော အနိစ္စသဘောများ များစွာရှိနေပေသည်။ လူတို့၏ သက်တမ်းစေ့အရွယ်မှာ ၇၅ နှစ်တန်းအထိ ရှိတန်ကောင်း သော်လည်း အချိန်မတန်မီကြွေလွင့်ကြသည်မှာ နှမြောတသဖွယ် ကောင်းလှသည်။

လူ့ဘဝတွင် သက်တမ်းစေ့နေနိုင်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ပြီး ယခုအခါ သက်တမ်းမစေ့ဘဲ လူ့ဘဝမှ ထွက်ခွာကြသူများ များလာသည်ကို တွေ့ရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၄ ခုနှစ် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် သေဆုံးသူစုစုပေါင်း၏ ၅၉ ရာခိုင် နှုန်းသည် မကူးစက်ရောဂါ(ရောဂါအသစ်)ကြောင့် သေဆုံးနေရသည်ဟု ဆိုထားသည်။ ၄၁ ရာခိုင်နှုန်းတွင် ၃၀ ရာခိုင်နှုန်းမှာ ကူးစက်ရောဂါ ကြောင့်ဖြစ်ပြီး ကျန် ၁၁ ရာခိုင်နှုန်းမှာ ယာဉ်မတော်တဆမှုကြောင့် အချိန်မတိုင်ခင် သေဆုံးကြရသူများဖြစ်သည်။ လူ့ဘဝသက်တမ်းတွင် မီးစာကုန် ဆီခန်းသောအရွယ်၌ သေဆုံးရသည်မှလွဲ၍ ကျန်ရှိသော အသက်အရွယ်မရွေး၊ လူတန်းစားမရွေးတို့မှာ ကူးစက်သောရောဂါ၊ မကူးစက်သောရောဂါနှင့် ဥပဒ္ဒေဝက ကံတို့ကြောင့် သေဆုံးကြရသည်။

အဓိကဆိုလိုချင်သည်မှာ နိုင်ငံအတွင်းရှိ လူဦးရေစုစုပေါင်း၏ အသက်အရွယ်မရွေး ၅၉ ရာခိုင်နှုန်း သေဆုံးနိုင်သော (မကူးစက်သော ရောဂါ) ရောဂါအသစ်အဆန်းများကို သတိပြုမိဖို့လိုသည်။ ယင်းတို့တွင် ဆီးချိုနှင့် သွေးချိုရောဂါကြောင့် သေဆုံးသူမှာ သုံးရာခိုင်နှုန်း၊ နာတာ ရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါကြောင့် သေဆုံးသူ ကိုးရာခိုင်နှုန်း၊ ကင်ဆာရောဂါကြောင့်သေဆုံးသူ ၁၁ ရာခိုင်နှုန်း၊ အခြား မကူးစက်သောရောဂါကြောင့် သေဆုံးသူ ၁၁ ရာခိုင်နှုန်း၊ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးသူ ၂၅ ရာခိုင်နှုန်းဖြစ်ရာ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးသူမှာ အများဆုံးဖြစ်နေသည်ကိုတွေ့ရသည်။

ထို့ကြောင့် အသက်အရွယ်မရွေး အသက်ဇီဝိန်ချုပ်စေနိုင်သော အသံတိတ်လူသတ်သမားရောဂါသစ်ကို အမှုမဲ့အမှတ်မဲ့မနေဘဲ သတိပြု ကြရမည်ဖြစ်သည်။ သွေးတိုးရောဂါမှာ သွေးပေါင်ချိန် ၁၄၀/၉၀ အထက်ရှိလျှင် သွေးတိုးပြီဟု သတ်မှတ်နိုင်ပြီး အငန်၊ အဆီ၊ ဆေးလိပ်၊ အရက်တို့ကို ဆင်ခြင်ကြရန်နှင့် ဆီးချို၊ အဝလွန်၊ မိဘမျိုးရိုး၊ ကိုယ်ဝန် ဆောင်၊ ကျောက်ကပ်ရောဂါနှင့် အချို့ဆေးဝါးများကို သတိထားရမည် ဖြစ်သည်။ နှလုံးသွေးကြောကျဉ်းရောဂါမှာလည်း အလားတူဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူများနှင့် စိတ်ဖိစီးမှုများသူများအဖို့ အထူးသတိထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူ့ဘဝကို အလွယ်တကူ၊ လျှပ်တစ်ပြက် ချုပ်ငြိမ်းသွား စေနိုင်သည့် မကူးစက်သောရောဂါ(အသံတိတ်လူသတ်သမား)ကို အထူး သတိထားနိုင်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စား သောက်မှုပုံစံများနှင့် ညီညွတ်အောင်ဆောင်ရွက်ပြီး ကိုယ်လက်လှုပ်ရှားမှု များ မှန်မှန်ပြုလုပ်ကြကာ စိတ်ဖိစီးမှုများလျော့နည်းကျဆင်းအောင် ပြုလုပ်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

## သင်ရိုးညွှန်းတမ်းပြုစုရေးသင်တန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**ရန်ကုန် ဇွန် ၂၆**

ပညာရေးကောလိပ်များတွင် လေးနှစ်ဒီဂရီသင်တန်းဖွင့်လှစ်နိုင်ရန် ပထမဆုံး သင်ရိုးညွှန်းတမ်းပြုစုရေး သင်တန်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ပင်လုံခန်းမ၌ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက UNESCO International Bureau of Education-UNESCO's Global Center for Excellence for Curriculum Development မှ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူ များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေး တက္ကသိုလ်များ၊ ပညာရေးကောလိပ် များမှ သင်ရိုးပြုစုရေးအဖွဲ့(CCT)နှင့် အခြေခံပညာနှင့် ပညာရေးစီမံကိန်း သုတေသနဌာနများမှ ပညာရှင်များ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၈၅ ဦး တက်ရောက်ကြပြီး သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၁၉ ရက်မှ ဇွန် ၂၅ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး (STEM) စီမံကိန်း၊ UNESCO ၏ ပံ့ပိုးကူညီမှုဖြင့် ပညာရေးဝန်ကြီးဌာန သည် လေးနှစ်သင် ပညာရေးဒီဂရီ ကောလိပ်တွင်အသုံးပြုရန် သင်ရိုး သစ်ကိုပြုစုနေပြီး ယင်းသင်ရိုးပြုစု ခြင်းကို သင်ရိုးပြန်လည်သုံးသပ်ခြင်း နှင့် တတ်ကျွမ်းမှုအခြေပြုသင်ရိုး မူဘောင်ရေးဆွဲခြင်းများ၏ ရလဒ် များ(၂၀၁၅-၂၀၁၆)အပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် ယခုနှစ်အတွင်းကျင်းပမည့် ဆွေးနွေးပွဲ ခြောက်ခုထဲမှ ပထမဆုံး တစ်ခုဖြစ်ပြီး UNESCO International Bureau of Education-UNESCO's Global Center for Excellence for Curriculum Development မှ ပညာရှင်များက သင်ရိုးပြုစုရေးနှင့် ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာ ချဉ်းကပ်နည်းများကို မျှဝေခြင်း၊ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်နည်း များနှင့် ၎င်းတို့ကို အသုံးပြုပုံများကို ရှင်းလင်းပြီး သဘောတရားနားလည် မှုကို တည်ဆောက်၍ လက်တွေ့ လေ့ကျင့်ခန်း၊ ဆောင်ရွက်သည့် ချဉ်းကပ်နည်းများဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ အသိပညာပေးရှင်းလင်း

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မှ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က ပျဉ်းမနားမြို့နယ် ပြုတွင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော် သက်က တောင်သူလယ်သမားများသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) အပြည့်အဝထုတ် ပေးနိုင်ရေးနှင့် တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာ မြေဥပဒေ၊ နည်းဥပဒေများကို အသိပညာပေး ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူ လယ်သမားများ၏ မေးမြန်းချက်များကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးဖြေကြားသည်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်း ဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ များကို ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြားကျေးရွာ များကိုလည်း ဆက်လက်ရှင်းလင်း ဆွေးနွေးပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအောင် (စိုက်ပျိုးရေး)**

❑

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေစျေး) | ၉၀၉၀၀၀ | - | ၉၀၉၀၀၀ |
| မန္တလေး(ရွှေစျေး) | ၉၀၉၀၀၀ | - | ၉၀၉၀၀၀ |

| စက်သုံးဆီစျေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၉၀ ကျပ်၊ | ၆၅၀/၆၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၀/၇၄၀ ကျပ်၊ | ၇၈၅/၈၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၆၈၀/၇၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၁၀ ကျပ်၊ | ၆၇၀/၇၂၀ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၅၇၅/၅၇၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၁/၅၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၆၅/၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၄. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉. ၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၁၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၄၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၉၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၂. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၉၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀. ၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၁. ၂၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## သတင်းစကားလက်ကမ်းစာစောင်များ လောင်းလုံး(အထက)၌ ဖြန့်ဝေ

**လောင်းလုံး ဇွန် ၂၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါနှင့် ဝန်ထမ်းများသည် ရုံးချုပ်မှ ပေးပို့သည့် သတင်းစကားလက်ကမ်းစာစောင် အတွဲ(၂)အမှတ်(၁) အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် လောင်းလုံးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အဌမတန်း၊ နဝမတန်း၊ ဒသမတန်းရှိ ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက်ပိုင်းက စာသင်ခန်းများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

သတင်းစကားလက်ကမ်းစာစောင် အတွဲ(၂)အမှတ်(၁)၌ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်ရေး၊ စာစီစာကုံး ပြိုင်ပွဲများ၊ ကဗျာ၊ ကာတွန်းများ ရေးသားယှဉ်ပြိုင်နိုင်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး မဟာဗျူဟာများအဖြစ် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေး စသည့် ဆောင်ရွက်နေမှုများကို သိရှိစေရန် သတင်းစကားလက်ကမ်းစာစောင် ၅၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ပြည်တွင်းရေးရာ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကျိုက္ခမီ
၄ ဒသမ ၀၂ လက်မ
ချောင်းဆုံ
၃ ဒသမ ၃၉ လက်မ
မာန်အောင်
၃ ဒသမ ၂၂ လက်မ
ရေး
၃ ဒသမ ၂၂ လက်မ
မုဒုံ
၂ ဒသမ ၇၆ လက်မ
လောင်းလုံး
၂ ဒသမ ၇၆ လက်မ
မြိတ်
၂ ဒသမ ၁၇ လက်မ
သံတွဲ
၁ ဒသမ ၉၃ လက်မ
တောင်ကုတ်
၁ ဒသမ ၇၇ လက်မ

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၂၆**
ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ဒုတိယသမ္မတ ဦးမြင့်ဆွေ-ဒေါ်ခင်သက်ဌေး မိသားစုက ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ လာရောက်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံသည်။ **(ယာပုံ)**

**ထောက်ပံ့ငွေလှူဒါန်း**

အလားတူ ပျက်ကျခဲ့သော လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဥရောပ-အာရှနိုင်ငံများ၏ လွှတ်တော်ဥက္ကဋ္ဌများအစည်းအဝေးသို့ တက်ရောက်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့ ကိုရီးယားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၂၆**
ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိကျင်းပမည့် ဒုတိယအကြိမ်မြောက် ဥရောပ-အာရှနိုင်ငံများ၏ လွှတ်တော်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းထွန်းကြိုင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# မိုင်းကြောင့် ထိခိုက်သူများအတွက် လူသားချင်းစာနာမှု အကူအညီပေးရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဗြိတိန်နိုင်ငံအခြေစိုက် Department for International Development - DFID အဖွဲ့မှ Deputy Team Leader (ITAD), Mr. Alexander Robert Renuick Mcaslan နှင့်အဖွဲ့မှ ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါ DFID အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း သုံးခုဖြစ်သည့် The Halo Trust၊ Mine Advisory Group နှင့် Norwegian Peoples' Aid အဖွဲ့တို့က ဆောင်ရွက်နေသော မြေမြှုပ်မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့နေသော အဖွဲ့ဖြစ်ပြီး လက်ရှိပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းကဏ္ဍများ၏ အားသာချက်၊ အားနည်းချက်များ၊ မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များ၊ မိုင်းအန္တရာယ်လျှော့ချရေးဆိုင်ရာလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရန် ရန်ပုံငွေရှာဖွေရေး ကိစ္စရပ်များ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee)တို့အကြား လုပ်ငန်းချိတ်ဆက်ဆောင်ရွက်ရန်အနေအထား၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ မိုင်းကြောင့် ထိခိုက်သူများအတွက် လူသားချင်းစာနာမှု အကူအညီပေးရေး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သမ္မတသစ် ရွေးချယ်တင်မြှောက်နိုင်ရန် မွန်ဂိုလီးယားပြည်သူတို့ မဲပေးကြပြီ

**အူလန်ဘာတော ဇွန် ၂၆**

မွန်ဂိုလီးယားနိုင်ငံ၌ သမ္မတသစ်ရွေးချယ်တင်မြှောက်နိုင်ရန် ဇွန် ၂၆ ရက်တွင် ပြည်သူများ မဲပေးလျက်ရှိကြသည်။ **(အောက်ပုံ)**

လူဦးရေသုံးသန်းနေထိုင်ပြီး ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် မွန်ဂိုလီးယားနိုင်ငံ၌ လက်ရှိသမ္မတ တာခီယာဂျီယန် အယ်ဘေဒေါ အား အစားထိုး ဆက်ခံမည့် ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်နိုင်ရန် သမ္မတလောင်းသုံးဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

အဆိုပါသမ္မတလောင်း သုံးဦးအနက် မီယီဂွန်ဆင်အန်ခိုဘိုးမှာ မွန်ဂိုလီးယားပြည်သူ့ပါတီမှ ဖြစ်ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ယခုအခါ ပါလီမန်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ သမ္မတလောင်း စိန်ကူဂျင်ဂန်ဘာတာမှာမူ မွန်ဂိုလီးယားပြည်သူ့တော်လှန်ရေးပါတီမှ ဖြစ်ပြီး အမတ်ဟောင်း တစ်ဦးဖြစ်သည်။

သမ္မတလောင်းခါမားဘာတူဂါမှာမူ ဒီမိုကရက်ပါတီမှဖြစ်ပြီး အမတ်ဟောင်းတစ်ဦးဖြစ်သည်။

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၁၉၇၈၂၉၈ ဦးရှိပြီး ထိပ်တန်းပါတီကြီးသုံးခုမှ သမ္မတလောင်းများကို ရွေးချယ်ခွင့် ရရှိမည်ဖြစ်သည်။ လက်ရှိသမ္မတမှာ လေးနှစ်သက်တမ်းရှိ သမ္မတရာထူးတွင် ဒုတိယအကြိမ်တာဝန်ထမ်းဆောင်နေပြီး ၎င်း၏ သမ္မတရာထူးသက်တမ်းမှာ လာမည့်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

အာဏာရမွန်ဂိုလီးယားပြည်သူ့ပါတီမှ သမ္မတလောင်းမှာ ပြည်သူများအတွင်း ရေပန်းစားနေသည်ဟု ရှုမြင်ရကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

**ဆင်ဟွာ။**

■





# အိုင်ယာလန်ရေတပ်သင်္ဘော လူပေါင်း ၇၁၂ ဦးကို ကယ်ဆယ်ပေးနိုင်ခဲ့

**ဒဗ္ဗလင် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများအား ကယ်ဆယ်ရေး အစီအစဉ်အရ လစ်ဗျားနိုင်ငံ မြို့တော် ထရီပိုလီ၏ ကမ်းလွန်ပင်လယ်ပြင်၌ အိုင်ယာလန်ရေတပ်မှ စစ်သင်္ဘောတစ်စင်းက ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် လူမမယ်ကလေးငယ်များအပါအဝင် လူပေါင်း ၇၁၂ ဦးကို ကယ်ဆယ်ပေးခဲ့ကြောင်း အိုင်ယာလန်ကာကွယ်ရေးတပ်ဖွဲ့က ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

အိုင်ယာလန်ရေတပ်မှ အယ်လ်အီးအိန်း အမည်ရှိ စစ်သင်္ဘောသည် ရေယာဉ်အမျိုးမျိုးပေါ်၌ ဘေးဒုက္ခကျရောက်နေသူများအား ဇွန် ၂၅ ရက်တွင် ထရီပိုလီမြို့အနောက်မြောက်ဘက် ကီလိုမီတာ ၄၀ အကွာ ပင်လယ်ပြင်မှ ကယ်တင်ပေးခဲ့သည်။ ကယ်ဆယ်ရရှိသူများအနက် ကလေးတစ်ဦးအပါအဝင် ရွှေ့ပြောင်းအခြေချသူခြောက်ဦးမှာ သတိလစ်မေ့မြောရာမှ ပြန်လည်သတိရလာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကယ်ဆယ် ရရှိသည့် ဒုက္ခသည်များအား ဆိပ်ကမ်းများသို့ အိုင်ယာလန်စစ်ရေယာဉ်က ပို့ဆောင်ပေးမည်ဖြစ်ကာ အီတလီအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်သွားမည်ဟု စစ်ရေယာဉ်မှူးဘရန် ရန်ဖစ်ဂျရယ်က အိုင်ယာလန် အမျိုးသား အသံလွှင့်ဌာန(အာရ်တီအီး) သို့ စစ်ရေယာဉ်မှနေ၍ ပြောကြားသည်။ **ရိုက်တာ။**

# စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်နေသည့် အိန္ဒိယ၌ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**ဝါရှင်တန် ဇွန် ၂၆**

အိန္ဒိယနိုင်ငံသည် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများ အခြေစိုက်လုပ်ကိုင်ရန် ပန်းသင့်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အခွန်အကောက်စနစ်ကဲ့သို့ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို မိမိတို့ အကောင်အထည်ဖော်တော့မည်ဖြစ်ရာ အမေရိကန်၏ ထိပ်တန်းကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ကြောင်း ဝါရှင်တန်မြို့တော်သို့ ရောက်ရှိနေသည့် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက အမေရိကန်ထိပ်တန်းကုမ္ပဏီများမှ အမှုဆောင်အရာရှိချုပ်(စီအီးအို) များနှင့် တွေ့ဆုံရာတွင် ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

လွန်ခဲ့သည့် သုံးနှစ်တာကာလပတ်လုံး အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(အင်န်ဒီအေ)၏မူဝါဒရေးရာ ပြင်ဆင်ပြောင်းလဲမှု ရလဒ်အရ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အများဆုံးရရှိခဲ့ကြောင်း ဝန်ကြီးချုပ် မိုဒီက ဇွန် ၂၅ ရက်တွင် အမေရိကန် ထိပ်တန်းကုမ္ပဏီ ၂၀မှစီအီးအိုများအား ပြောကြားသည်။

အက်ပဲလ်၊ မိုက်ခရိုဆော့ဖ် ကော်ပိုရေးရှင်း၊ ဂူဂဲလ်၊ စစ္စကိုအင်ကော်ပိုရိတ်တက်၊ အမေဇုန်ဒေါ့ကွမ်း၊ အင်ကော်ပိုရိတ်တက် စသည့် အမေရိကန် ကုမ္ပဏီကြီးများမှ စီအီးအိုများနှင့်အတူ ဝန်ကြီးချုပ် မိုဒီက စားပွဲဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

မိမိတို့ အိန္ဒိယနိုင်ငံကို တစ်ကမ္ဘာလုံးက လေ့လာစောင့်ကြည့်နေကြကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ဥပဒေစည်းမျဉ်းများအရ ဖြေလျှော့မှုပေးခြင်း၊ ကြိုးနီစနစ်ပပျောက်စေပြီး ကောင်းမွန်သော ထိန်းကွပ်မှုဖြင့် ဆောင်ရွက်ခြင်း စသည့် စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်ပေါင်းများစွာကို အကောင်အထည်ဖော်လျက်ရှိကြောင်း ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကားလျက် အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂိုပါးဘာဂလေက ပြောကြားသည်။ အိန္ဒိယနှင့် အမေရိကန်အကြား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့်မှုနှင့်အညီ မိမိတို့နိုင်ငံ၌ အမေရိကန်ကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံရန် အခွင့်အရေး ရရှိပြီဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီကပြောကြားသည်။

## ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် တာလီဘန်တို့ ပါဝင်ရန် အာဖဂန်သမ္မတ တိုက်တွန်း

**ကဘူး ဇွန် ၂၆**

အာဖဂန်နစ္စတန်သမ္မတ မိုဟာမက်အာရှတ်ဂါနီသည် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် တို့တွင် ပါဝင်ရန် တာလီဘန်စစ်သွေးကြွများကို တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တာလီဘန်အဖွဲ့ဝင်များသည် အာဖဂန်လူမျိုးဖြစ်သည်ဆိုပါက နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတည်ငြိမ်စေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်ကြောင်း သမ္မတနန်းတော်၌ အစ်ပွဲတော်ကျင်းပပြီးနောက် သမ္မတဂါနီက တာလီဘန်စစ်သွေးကြွများကို တိုက်တွန်းပြောကြားသည်။ တာလီဘန်များတွင် အချိန်မရှိတော့ကြောင်း၊ ၎င်းတို့ကို ထောက်ပံ့နေသူများမှာလည်း အထီးကျန်အခြေအနေသို့ ရောက်ရှိနေပြီး ၎င်းတို့မှာလည်း ထိုအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သမ္မတဂါနီက သတိပေးသည်။

သို့ရာတွင်တာလီဘန်အဖွဲ့ကို မည်သည့်နိုင်ငံက ထောက်ပံ့အားပေးနေသည်ကို သမ္မတက ပြောကြားခြင်းမရှိပေ။ သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြည်ပတပ်ဖွဲ့ဝင်များ ရှိနေသရွေ့ အစိုးရအဖွဲ့နှင့် မည်သည့် ဆွေးနွေးမှုမျိုးကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်း၊ နိုင်ငံအတွင်းရှိ ပြည်ပတပ်ဖွဲ့ဝင်များကို ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဇွန် ၂၃ ရက်တွင် တာလီဘန်ခေါင်းဆောင် မူလာဟာဘာတူလာက ပြောကြားခဲ့သည်။

အစ္စလာမ်ဘာသာဝင်တို့၏ ဥပုသ်လအတွင်း အာဖဂန်ပြည်သူတို့သည် စစ်သွေးကြွတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ခံစားခဲ့ရသော်လည်း ဇွန် ၂၅ရက်တွင် လုံခြုံရေး တင်းကျပ်

# ပေကျင်းနှင့် ရှန်ဟိုင်းမြို့အကြား မျိုးဆက်သစ်ကျည်ဆန်ရထား ခုတ်မောင်းပြီ

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံ၏ မျိုးဆက်သစ် မြန်နှုန်းမြင့်ကျည်ဆန်ရထားသစ်ကို ဇွန် ၂၆ ရက်တွင် မြို့တော်ပေကျင်းနှင့် ရှန်ဟိုင်းမြို့အကြား ပထမဆုံးအကြိမ်အဖြစ် ခုတ်မောင်းပြေးဆွဲသည်။ **(ယာပုံ)**

စီအာရ်-၄၀၀ အေအက်ဖ် အမျိုးအစား ကျည်ဆန်ရထားသည် မြို့တော် ပေကျင်း တောင်ပိုင်း ဘူတာရုံမှ ဇွန် ၂၆ ရက် နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရှန်ဟိုင်းသို့ စတင်ထွက်ခွာခဲ့သည်။

တစ်ချိန်တည်းမှာပင် ရှန်ဟိုင်းမြို့ ဟောင်ကျောက်ဘူတာရုံမှ စီအာရ် ၄၀၀ အေအက်ဖ် အမျိုးအစားတူ ကျည်ဆန်ရထားတစ်စင်းက ပေကျင်းသို့ စတင်ထွက်ခွာခဲ့သည်။ ယခုခုတ်မောင်းပြေးဆွဲမည့် ကျည်ဆန်ရထားသစ်များမှာ လျှပ်စစ်စွမ်းအင်သုံးတွဲဆိုင်းများ(အီးအမ်ယူ)ဟု လူသိများပြီး တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်ကြောင်း၊ တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ နှုန်းဖြင့် အဆက်မပြတ်ခုတ်မောင်းနိုင်ကြောင်း သိရသည်။

ယင်းကျည်ဆန်ရထားသစ်များကို တရုတ်နိုင်ငံ၌ ပုံစံရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျည်ဆန်ရထားအမျိုးအစားသစ်တွင် ခေတ်မီစောင့်ကြည့်မှတ်တမ်းတင်စနစ်ပါရှိပြီး ယင်းစနစ်က ရထား၏ စွမ်းဆောင်ရည်ကို အမြဲမပြတ် စစ်ဆေးကာ အရေးပေါ်အခြေအနေနှင့် ပုံမှန်မဟုတ်သော အခြေအနေတို့တွင် အလိုအလျောက် အရှိန်လျှော့ချပေးနိုင်မည်ဖြစ်သည်။ ရထားတွင် တပ်ဆင်ထားသည့် အဝေးထိန်းသတင်းအချက်အလက် ထုတ်လွှင့်ရေး စနစ်ပါရှိသဖြင့် ထိန်းချုပ်ရေးစခန်းက ရထားခုတ်မောင်းမှုကို အခါမလပ် စောင့်ကြည့်နိုင် မည်ဖြစ်သည်။

**-- ရထားလမ်းကွန်ရက် --**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံးရထားလမ်းကွန်ရက်ကို တည်ဆောက်ထားသည်။ ၂၀၁၆ ခုနှစ်ကုန်တွင် ရထားလမ်းကွန်ရက် ကီလိုမီတာ ၂၂၀၀၀ ရှိခဲ့ပြီး ကမ္ဘာ့ရထားလမ်းကွန်ရက်များ၏ ၆၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

ရှန်ဟိုင်းနှင့် မြို့တော်ပေကျင်းကို ဆက်သွယ်သော ရထားလမ်းသည် တရုတ်နိုင်ငံတွင် ရထားစီး ခရီးသည်အများဆုံး သွားလာသည့်လမ်းဖြစ်ပြီး နေ့စဉ် ခရီးသွားဦးရေ ၅၀၅၀၀၀ တို့ကို ပို့ဆောင်ပေးလျက်ရှိသည်။ **ဆင်ဟွာ။**



# အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

**ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံး ပါဝင်သော စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း များချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း**အဆိုကို မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးက ဆုံးဖြတ်လိုက်သည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး(၅) နှစ် လုပ်ငန်းစီမံချက်(၂၀၁၅-၂၀၁၆ မှ ၂၀၁၉-၂၀၂၀)ကို ဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်မှုဖြင့် အကောင်အထည်ဖော်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ သဘောထားရယူပြီး စီမံကိန်းအဆိုပြုလွှာများခေါ်ယူ၍ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဥပဒေနှင့်နည်းဥပဒေ(မူကြမ်း)များ ပြဋ္ဌာန်းနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်သည့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ သဘောထားရယူပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအဆိုကို ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးနှင့် ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်တို့က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အများစုက အင်းလေးကန်၏ သက်တမ်းကြာမြင့်လာခြင်း၊ အင်းလေးကန်ရေဝေရေလဲ အတွင်း နေထိုင်သူလူဦးရေ တိုးပွားလာခြင်းနှင့်အတူ သစ်နှင့်ထင်းလောင်စာ လိုအပ်ချက်မြင့်တက်လာခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ ဓာတုဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်း၊ ရေနှင့် မြေဆီလွှာထိခိုက်စေသည့် နည်းလမ်းများကျင့်သုံးခြင်း၊ ဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ကြောင့် အင်းလေးကန်ရေပြင်တိမ်ကောခြင်းနှင့် ရေအရည်အသွေး ကျဆင်းလာရခြင်းဖြစ်ကြောင်း ထောက်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၏ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး (မြို့နယ်)အဆင့်မှ အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးသို့ တိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက လူတွေ့စစ်ဆေးမှုကို ဖြေဆိုထားသူ(၁၀၄)ဦးမှ အရည်အချင်း ပြည့်မီသူများကို ရာထူးတိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လက်ထောက်ကြီးကြပ်ရေးမှူး(မြို့နယ်) တာဝန်ထမ်းဆောင်နေသူများသည် ဝိဇ္ဇာဘွဲ့နှင့်သိပ္ပံဘွဲ့ အမျိုးမျိုးဖြင့် အောင်မြင်ထားကြသူများဖြစ်ပါကြောင်း၊ ယခုထက်ရာထူးမြင့်လာပါက ဗို့အားမြင့်ဓာတ်အားလိုင်းစနစ်များကို ကိုယ်တိုင်ကိုယ်ကျဝင်ရောက်လုပ်ကိုင်ကြရမည်ဖြစ်ပြီး စီမံခန့်ခွဲကြီးကြပ်ရမည့် တာဝန်များလည်းရှိလာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တာဝန်ယူရမည်ဆိုပါက လျှပ်စစ်အင်ဂျင်နီယာပညာရပ်ကို အခြေခံကျကျ တတ်မြောက်ထားသူများမဟုတ်ပါက လုပ်ငန်းခွင်အတွင်း အသက်သေဆုံးနိုင်သော ဆုံးဖြတ်လုပ်ကိုင်မှုအခြေအနေ ကျရောက်လာနိုင်ပါကြောင်း။

လုပ်ငန်းအတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိသည့် လုပ်သက်ရင့်ဝန်ထမ်းများကို အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးသို့ တိုးမြှင့်ပေးခဲ့သော အစဉ်အလာရှိခဲ့ပါကြောင်း၊ ယခင်ကာလက စီမံခန့်ခွဲမှု မှားယွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင် အဆိုပါဖြစ်စဉ်မျိုးမဖြစ်ပေါ်စေရေး အဆင့်ဆင့်စိစစ်ကြပ်မတ်ဆောင်ရွက်နေပါကြောင်း၊ အင်ဂျင်နီယာဘွဲ့ရမဟုတ်သော လက်ထောက်ကြီးကြပ်ရေးမှူး(မြို့နယ်)များအား အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးသို့ တိုးမြှင့်ပေးရန်အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောက်ယူနေသော လျှပ်စစ်မီတာခကို သင့်တင့်မျှတသောဈေးနှုန်းသို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နိုင်ငံပိုင်ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ပြီးစီးမှုမရှိခြင်းကြောင့် ပုဂ္ဂလိကမှ စုစုပေါင်းဓာတ်အားထုတ်လုပ်မှု၏ ၅၁ ရာခိုင်နှုန်းအထိ ပါဝင်လာပါကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကစက်ရုံများမှထုတ်လုပ်သော ဓာတ်အားတစ်ယူနစ် ပျမ်းမျှကုန်ကျစရိတ်သည် ၉၁ ဒသမ ၉၂ ကျပ်ခန့်ရှိပါကြောင်း၊ ဓာတ်အားတစ်ယူနစ်အတွက် ပြန်လည်ကောက်ခံရရှိငွေမှာ ပျမ်းမျှ ၆၉ ဒသမ ၂၆ ကျပ်ခန့်သာဖြစ်၍ နိုင်ငံတော်ဘတ်ဂျက်မှ ဓာတ်အားတစ်ယူနစ်တိုင်းအတွက် ၂၂ ဒသမ ၆၆ ကျပ်ခန့် စိုက်ထုတ်ပေးရသည့်အခြေအနေဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စုစုပေါင်းငွေကျပ် ၃၃၇ ဘီလီယံခန့် အရှုံးခံစိုက်ထုတ်ခဲ့ရပါကြောင်း။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏမှာ နှစ်စဉ်မဂ္ဂါဝပ် ၄၀၀ မှ ၅၀၀ အထိ တိုးတက်လျက်ရှိပါကြောင်း၊ ကုန်ကျစရိတ်များကိုကာမိသည့် သင့်လျော်သောဓာတ်အားခနှုန်းထားကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ဝန်ကြီးဌာနက လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်က စိုက်ထုတ်ကျခံသုံးစွဲရမှုလျှော့ချနိုင်ရေးနှင့် သင့်လျော်သော ဓာတ်အားခနှုန်းထားတစ်ခု သတ်မှတ်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ Tariff Policy ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်တို့၏ ပြည်သူများလုံခြုံမှုအတွက် ရဲစခန်း သို့မဟုတ် ရဲကင်းများချထားပေးရေး၊ ပြည်သူ့ရဲတပ်ဖွဲ့များ၏ လိုအပ်ချက်များဖြည့်တင်းပေးရေး၊ ရခိုင်ကမ်းလွန်မှ Gas ရောင်းချနေမှုဆိုင်ရာ၊ ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်ပတ်သက်သည့် ကန်ထရိုက်စာချုပ်ပါ အချက်အလက်များ ပွင့်လင်းမြင်သာစွာချပြရေးဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြေကြားခဲ့ကြသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာများဖတ်ကြားတင်ပြခြင်းနှင့် **"တရားခံလွှဲပြောင်းရေးဥပဒေကြမ်း"**အား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# ပြဋ္ဌာန်းပြီးဥပဒေများအား လိုက်နာကျင့်သုံးရန်နှင့် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်သွားရန်လိုအပ်

**နေပြည်တော် ဇွန် ၂၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **သထုံခရိုင် ဘီးလင်းမြို့နယ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၌ လိုအပ်လျက်ရှိသော အောက်စီဂျင်အိုးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာန အနေဖြင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ဆေးကုသမှုခံယူသော လူနာများအား မရှိမဖြစ် အခြေခံအဓိကဆေးဝါးများ ထောက်ပံ့ပေးနိုင်ရန်၊ အခြေခံဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆေးဝါး၊ ဆေးပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် နှစ်စဉ်ရန်ပုံငွေ ခွဲဝေချထားပေးခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာ

နှစ်စဉ်တိုးမြင့်လာသော လူနာဦးရေကြောင့် အချို့သော ပြည်သူ့ဆေးရုံများမှ ရန်ပုံငွေထပ်မံတိုးမြှင့်တောင်းခံခြင်းများ၊ အချို့သော ကင်ဆာဆေးဝါးများ၊ Complementary Medicines များ ထောက်ပံ့ပေးနိုင်ရေးအတွက် ရန်ပုံငွေ တောင်းခံလာခြင်းအပေါ် စိစစ်၍ ရန်ပုံငွေထပ်မံခွဲဝေချထားပေးခဲ့ပါကြောင်း၊ ဆေးရုံတက်လူနာများအား အောက်စီဂျင် အခမဲ့ထောက်ပံ့နိုင်ရန်အတွက် O2 Plant များ တပ်ဆင်ပေးခြင်းကို ဗဟိုအဆင့် ဆေးရုံကြီးပေါင်း(၃၉)ရုံ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများနှင့် ခုတင်(၂၀၀)၊ ခုတင်(၁၀၀) ဆေးရုံပေါင်း(၃၆)ရုံတွင် တပ်ဆင်ပေးထားပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် O2 Concentrator များကို လိုအပ်ချက်ရှိသော ဆေးရုံများသို့ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပြီး လူနာများအတွက် လုံလောက်မှု မရှိပါကြောင်း၊ ဘီးလင်းမြို့နယ်သည် အမျိုးသားကျန်းမာရေးစီမံကိန်းပထမနှစ်(၂၀၁၇-၂၀၁၈) ခုနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် မြို့နယ် ၇၆ မြို့နယ်အတွင်း ပါဝင်သည့်အတွက် O2 Concentrator ဝယ်ယူပြီးဖြစ်၍ ယခုတစ်ပတ်အတွင်း ပေးပို့သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ **၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အရ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဓမ္မသော်တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ရန် ဘတ်ဂျက်ငွေချထားပေးသော်လည်း အခြားနတ်တလင်းမြို့နယ် တာပွန်မြို့ တိုက်နယ်ဆေးရုံသစ်ကို နေရာပြောင်းတည်ဆောက်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တစ်ဦးက ကန်ထရိုက်ကုမ္ပဏီသို့ ညွှန်ကြားခဲ့သည့်အတွက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိနေစဉ်မှာပင် ရပ်ဆိုင်းထားရန် တားမြစ်ခဲ့ပြန်သဖြင့် ယင်းသို့ ခွင့်ပြုချက်ပေးထားသည့် နေရာဒေသမှလွဲ၍ အခြားနေရာဒေသသို့ ပြောင်းရွှေ့ဆောင်ရွက်ခွင့် ရှိ၊ မရှိ သိရှိလိုခြင်းနှင့် နောက်နောင် ယင်းကဲ့သို့ မူဘောင်ကျော်၍ လုပ်ဆောင်ထားမှုတို့အပေါ် မည်ကဲ့သို့ စီမံထိန်းကျောင်း ကြပ်မတ်သွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ခွင့်ပြုချက်ပေးသည့်နေရာမှလွဲ၍ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့ဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သတ်မှတ်ကာလအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခေါင်းစဉ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့သို့ ကျိုးကြောင်းဖော်ပြချက်များနှင့် တင်ပြညှိနှိုင်းရပါကြောင်း၊ အဆိုပါဌာနများမှ သဘောတူညီချက်ရရှိမှသာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ဆက်လက်တင်ပြပြီး ကန့်ကွက်ရန်မရှိပါက ရန်ပုံငွေခေါင်းစဉ်ပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေရာပြောင်းလဲဆောင်ရွက်ရန် ခွင့်ပြုမိန့်တင်ပြညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ဓမ္မသော်တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းအား မူလဘတ်ဂျက်ခေါင်းစဉ်တွင် ပါရှိသည့်အတိုင်း ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ကျေးရွာတွင်သာ ဆောက်လုပ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ **မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်းတို့က ထောက်ခံဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ မူဝါဒများရေးဆွဲခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လူထုအခြေပြုပညာပေး အစီအစဉ်များကို ဆောင်ရွက်သွားသင့်ပါကြောင်း၊ ထို့အတူ ကွမ်းရွက်၊ ကွမ်းသီးနှင့် ပါဝင်ပစ္စည်းများပေါ်တွင် အခွန်တိုးကောက်ခြင်း၊ ပြည်ပမှ တရားမဝင်ဝင်ရောက်လျက်ရှိသော ဆေးပေါင်းများနှင့် ဆက်စပ်ပစ္စည်းများအား ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ အလားတူ နိုင်ငံအတွင်းရှိ ပြဋ္ဌာန်းပြီးဥပဒေများအား လိုက်နာကျင့်သုံးရန်နှင့် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း စသဖြင့် အဆိုအားထောက်ခံဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားရန်လျာထားကြောင်း သိရသည်။

**သူရဇော် (သတင်းစဉ်)**

# လက်တွေ့မှာ ကျွမ်းကျင်ကြဖို့

ခင်မောင်ညို(ဘောဂဗေဒ)

အခုရက်ပိုင်းအတွင်းမှာ သတင်းကောင်းတစ်ခုအနေနဲ့ နှစ်ပေါင်းများစွာ ပိတ်ထားတဲ့ အင်းစိန် စက်မှုလက်မှုသိပ္ပံပြန်ဖွင့်ဖို့ ပြင်ဆင်နေတဲ့သတင်းကို ကြားသိရတယ်။ နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေး ဥပဒေကြမ်းကလည်း ရှိနေပြီးလို့ ဥပဒေဖြစ်လာဖို့ စောင့်ဆိုင်းနေပြီ။ နည်းပညာသက်မွေးပညာနဲ့ လေ့ကျင့်ရေးပညာရပ်ဆိုတာက လက်တွေ့ကျွမ်းကျင်သူများ၊ သက်မွေးပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ နည်းပညာဆိုင်ရာကျွမ်းကျင်သူများဖြစ်စေဖို့ သင်ကြားလေ့ကျင့်ပေးတဲ့ ပညာရပ်လို့အဓိပ္ပာယ်ဖွင့်ဆိုထားတာ တွေ့ရတယ်။ ဥပဒေကြမ်းရဲ့ရည်မှန်းချက်တွေ၊ အခြေခံမူတွေကြည့်လိုက်တော့ ဘာမျှ အထွေအထူးပြောစရာ မလိုအောင် ကောင်းလှတယ်။

ခုရက်ပိုင်းအတွင်းမှာ တက္ကသိုလ်ဝင်တန်းအောင်စာရင်းတွေ၊ အမှတ်စာရင်းတွေထွက်လာတော့ မိဘတွေ၊ ကျောင်းသားတွေ လှုပ်လှုပ်ရှားရှားဖြစ်နေကြတာပေါ့။ လက်လှမ်းမီတဲ့ မိဘတွေကိုတော့ သားသမီးတွေ ဝါသနာပါတာကို ခွင့်ပြုဖို့လိုက်ပြီးတိုက်တွန်းမိတယ်။ သားသမီးတွေကို ပညာတတ်စေချင်တာလား၊ ဘွဲ့ရစေချင်တာလားလို့လည်း လိုက်မေးမိတယ်။ တက္ကသိုလ်တက်တဲ့သူလည်း တက်ပေါ့။ ဒါပေမယ့် ဒီခေတ်မှာ ရွေးချယ်စရာတွေအများကြီး၊ စဉ်းစားစရာတွေ အများကြီးပါ။

အရင်တစ်ပတ်ကပဲ နေပြည်တော်မှာလုပ်တဲ့ အာဆီယံဒေသဆိုင်ရာ ၂၀၁၇ ခုနှစ် နည်းပညာသက်မွေးပညာလေ့ကျင့်ရေးကွန်ဖရင့်ကို သွားတက်ခဲ့သေးတယ်။ ကိုယ်မသိ၊ နားမလည်သေးတာတွေ၊ မစဉ်းစားမိသေးတာတွေ၊ အကျယ်အပြန့်မသိသေးတာတွေ တစ်ပုံတစ်ခေါင်းကြီးရလာလို့ ကိုယ့်ကိုယ်ကိုယ်တောင် ကျွမ်းကျင်သူတစ်ယောက်ဖြစ်လာသလို ခံစားမိတယ်။

ဆွေးနွေးကြသူတွေကလည်း နိုင်ငံတကာကပညာရှင်တွေ၊ ဆွေးနွေးကြတာတွေကလည်း သင်ရိုးညွှန်းတမ်းကစလို့ လုပ်ငန်းခွင်နဲ့ဆက်စပ်မှုရှိဖို့၊ ဆရာ ဆရာမတွေ မွေးထုတ်ပေးဖို့၊ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ဖို့တွေအထိ ပါဝင်တယ်။ အခြေခံပညာတွေနဲ့ လုပ်ငန်းခွင်ဆိုင်ရာပညာတွေမှာ အခြေခံပညာကျေဖို့ တစ်နည်းအားဖြင့် အောက်သက်ကျေဖို့ကိုလည်း ဆွေးနွေးကြတာတွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံပညာတွေ၊ ဗဟုသုတတွေက ဘယ်တော့မျှ မပြောင်းလဲဘဲ လုပ်ငန်းခွင်ဆိုင်ရာပညာတွေကသာ ပြောင်းလဲသွား၊ တိုးတက်သွားကြတာကိုး။

အာရှဒေသက ဆရာ ဆရာမတွေဟာ သူတို့အချိန်ရဲ့ ၈၀ ရာခိုင်နှုန်းကို စာသင်ခန်းထဲမှာပဲ ကုန်ဆုံးကြတယ်ဆိုတော့ ဆရာ ဆရာမတွေ ဝန်ပိနေကြလေရော့သလား၊ မနိုင်ဝန်ထမ်းနေကြရော့သလား၊ နာသုံးနာမက နာနေကြရော့သလားဆိုတာ တွေးမိပါတယ်။ ကျောင်းသားနဲ့ ဆရာ ဆရာမဦးရေအချိုးကမျှတဖို့ လိုတယ်မဟုတ်လား။ တိုင်းရင်းသားဒေသတချို့နဲ့ နယ်စွန်နယ်ဖျားတွေမှာကျတော့ တစ်နေရာနဲ့တစ်နေရာ အလှမ်းဝေးနေလို့ သွားရေး၊ လာရေး အချိန်အတော်ပေးကြရပြန်တယ်။

တစ်ဆက်တည်းတွေးမိတာက ဆရာ ဆရာမတွေ စာသင်ခန်းထဲမှာ ၈၀ ရာခိုင်နှုန်း အချိန်ကုန်တယ်ဆိုတော်သေးတယ်။ အဲသလို မဟုတ်ဘဲ၊ စာသင်ခန်းပြင်ပမှာ ဟိုအစည်းအဝေးတက်ရ၊ ဒီအခမ်းအနားတက်ရ၊ ဟိုဟာလုပ်အားပေးရ၊ ဒီဟာလုပ်အားပေးရနဲ့ဆိုရင် ပိုဆိုးမှာပါ။ အဓိကကတော့ ဆရာ ဆရာမတွေရဲ့ ဘဝမြင့်မားမှု၊ ပညာရည်မြင့်မားအောင်လုပ်ခွင့်ရမှ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝအရည်အသွေးမြင့်မားနိုင်မယ်လေ။ တစ်ဖက်က စာသင်ပေးရ၊ ကိုယ့်ဝမ်းရေးအတွက်လည်း ကိုယ်ဖြေရှင်းရဆိုရင်တော့ ဆရာ ဆရာမတွေရဲ့လုပ်အားတွေ၊ စွမ်းအားတွေကို ထိထိမိမိရရှိဖို့မလွယ်လှဘူး။

ပုဂ္ဂလိကကဏ္ဍကို တာဝန်တချို့လွှဲပေးစေချင်တာက၊ အဲသလိုလွှဲပေးလိုက်ရင် ပုဂ္ဂလိကကဏ္ဍရဲ့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်မားကောင်းမွန်လာနိုင်လို့ပါ။ မြန်မာနိုင်ငံမှာတော့ ပုဂ္ဂလိကကဏ္ဍနဲ့အတူ အရပ်ဘက်အဖွဲ့အစည်းတွေကပါ ဝိုင်းဝန်းဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ပုဂ္ဂလိကကဏ္ဍက ပါပါလာတဲ့အခါ နည်းပညာ၊ သက်မွေးပညာနဲ့ကျွမ်းကျင်မှုသင်တန်းတွေကို အများပြည်သူတို့က ပိုပြီးယုံကြည်စိတ်ချလာတတ်ပါတယ်။

အစကောင်းမှ၊ အနှောင်းသေချာဆိုသလို မူဝါဒချမှတ်သူတွေဟာအစကတည်းက ကိုယ်ချပေးလိုက်တဲ့စနစ် ဘယ်လောက်ထိရောက် ကောင်းမွန်မှုရှိတယ်ဆိုတာ သိရှိသုံးသပ်နိုင်ဖို့ စောင့်ကြည့်သုံးသပ်၊ အကဲဖြတ်တဲ့စနစ်ကောင်းတစ်ရပ်လိုအပ်တယ်လို့ အကြံပြုကြတာကိုတွေ့ရတယ်။ ကိုယ့်မျက်စိထဲမှာ စက်မှုလက်မှုသိပ္ပံနဲ့ ကူးသန်းရောင်းဝယ်ရေးကျောင်းလောက်သာ မြင်ထားပေမယ့် တကယ်တမ်းကျတော့ ဟိုခေတ်တွေတုန်းကမရှိခဲ့တဲ့ ဟိုတယ်လုပ်ငန်းတွေအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ သူနာပြုလုပ်ငန်းတွေ၊ ရက်ကန်းကျောင်းတွေအများကြီးရှိနေတာ အခုမှသတိထားမိပါတယ်။

ထွန်စက်မောင်း၊ ယွန်းကျောင်း၊ ရိုးရာအချိတ်သင်တန်း၊ ရွှေချည်ထိုး၊ ငွေချည်ထိုးသင်တန်း၊ ဆိုင်ကယ်ပြင်၊ ကျောက်သွေး၊ တောင်း/ခြင်းလုပ်ငန်းသင်တန်းတွေလည်းရှိတယ်။

မြန်မာနိုင်ငံမှာအရေးပါတဲ့ စိုက်ပျိုးရေးကဏ္ဍဆိုရင် တက္ကသိုလ်တစ်ခုပဲရှိပေမယ့်။ စိုက်ပျိုးရေးသိပ္ပံ ၁၄ ကျောင်းအထိရှိတယ်။ ဒါတောင်မှ တကယ်တမ်းပြောရရင် နည်းသေးတယ်။ စိုက်ပျိုးရေးသိပ္ပံက ဒီပလိုမာရလို့ ထူးချွန်ရင် စိုက်ပျိုးရေးတက္ကသိုလ်တက်ရောက်နိုင်ဖို့လည်း လမ်းဖွင့်ပေးထားတာ တွေ့ရတယ်။ စိုက်ပျိုးရေးဒီပလိုမာက ခုထိနှစ်သောင်းနီးပါးရှိထားပေမယ့်၊ မွေးမြူရေးဒီပလိုမာရတဲ့သူက ၅၀၀ လောက်ပဲရှိသေးတယ်။ ကိုင်းကူးသင်တန်း၊ အဖူးကူးသင်တန်း၊ ပန်းမျိုးပွားသင်တန်း၊ ပိုးသတ်ဆေး၊ မြေဆွေး၊ စိုက်ပျိုးနည်းဆိုင်ရာ သင်တန်းတွေလည်းရှိတယ်။ ကိုယ်တိုင်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ အဆင့်အထိရောက်အောင်ရည်ရွယ်ပြီး သင်တန်းတွေပို့ချ၊ လေ့လာရေးတွေလုပ်၊ ပညာရှင်တွေဖိတ်ခေါ်ပြီး သင်ကြားတာတွေ လုပ်ပေးတယ်လို့သိရတယ်။ မှိုသင်တန်းဆိုရင် သင်တန်းသား ၈၀၀၀ တောင် မွေးထုတ်ပေးပြီးပြီ။

မြန်မာနိုင်ငံမှာ အားနည်းနေသေးတဲ့ နယ်ပယ်တစ်ခုက အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ စံချိန်စံညွှန်းတွေဖြစ်ပြီး စံချိန်စံညွှန်းသတ်မှတ်ဖို့နဲ့အတူ အဲဒီစံချိန်စံညွှန်းတွေကို သင်ရိုးညွှန်းတမ်းတွေထဲမှာ ထည့်သွင်းဖို့အားထုတ်နေကြတယ်လို့လည်း သိရှိရပါတယ်။

နည်းပညာ၊ သက်မွေးပညာ၊ ကျွမ်းကျင်သူတွေမွေးထုတ်ပေးနိုင်ဖို့ လိုအပ်တဲ့ငွေကြေးတွေကို အစိုးရနဲ့ နိုင်ငံတကာအကူအညီတွေအပြင်၊ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ သင်တန်းသားတွေနဲ့ သူ့ရဲ့မိသားစုတွေဆီက ရယူနိုင်ပြီး၊ အကျိုးရှိမယ့်သူတွေကလည်း ဒီလူတွေပဲ ဖြစ်ပါတယ်။

လုပ်ငန်းတွေအကောင်အထည်ဖော်ရာမှာ အဓိကကျတဲ့ဆရာ ဆရာမတွေမွေးထုတ်ဖို့ဆိုတာက နေ့ချင်းညချင်းဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ တစ်ပွဲတိုးနဲ့လည်း မပြီးပါဘူး။ စိတ်ရှည်ရှည်နဲ့ ရေရှည်လုပ်ရမှာပါ။ ဒါပေမယ့် အားလုံးအကျိုးရှိစေမယ့်ကိစ္စပါ။ တကယ်တော့ သင်တန်းဆရာတွေသာမက စီမံခန့်ခွဲသူတွေ၊ ပူးပေါင်းဆောင်ရွက်သူတွေ အများကြီးလိုအပ်ပါတယ်။

မသန်စွမ်းသူတွေကိုလည်း ချန်လှပ်ထားလို့မရဘူး။ သူတို့နဲ့သင့်တော်တဲ့ အစီအစဉ်တွေနဲ့ သင်ကြားပေးရမှာပါ။ တောင်ကြီးက မောနင်းစတားအဖွဲ့ဆို၊ တချို့မသန်စွမ်းကလေးတွေဟာ ဝင်ငွေရအောင်ရှာနိုင်နေကြပါပြီ။

စိန်ခေါ်မှုတွေက အများကြီးရှိပေမယ့် မကျော်လွှားနိုင်တာမျိုးတော့ မဟုတ်ပါဘူး။ ဒေသလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့၊ ဒေသအစိုးရတွေပါဝင်ဖို့ တိုက်ရိုက်အလုပ်ရရှိဖို့၊ လုပ်ငန်းလိုအပ်ချက်တွေနဲ့ကိုက်ညီဖို့၊ အလုပ်သင်အစီအစဉ်တွေရေးဆွဲဖို့၊ ငွေကြေးနဲ့နည်းပညာဖြည့်တင်းဖို့၊ ချေးငွေရရှိဖို့၊ ပြီးတော့ အရေးအကြီးဆုံးဖြစ်တဲ့ စိတ်ဓာတ်တွေပြောင်းလဲဖို့၊ အများကြီး ကြိုးစားရဦးမှာပါ။ ။

## မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းကို လက်ရှိတွင် ကျေးရွာပေါင်း ၉၉၀၄ ရွာတွင် နိုင်ငံတော်မှငွေကျပ် ၂၄၁ ဒသမ ၇၁ ဘီလီယံဖြင့် ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၆**

မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် မူဝါဒရေးရာအကြံပေးညှိနှိုင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆)၌ ကျင်းပသည်။



ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျေးရွာများတွင် စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိစေရန်၊ ကျေးလက်နေပြည်သူများ ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများဖွံ့ဖြိုးလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်မှန်းပြီး မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် မြို့နယ် ၂၈၈ မြို့နယ်ရှိ ကျေးရွာပေါင်း ၉၉၀၄ ရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၁ ဒသမ ၇၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးနေသည့် စီမံကိန်းကြီးတစ်ခုအဖြစ် ရောက်ရှိလာနေပြီဖြစ်ကြောင်း။

မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲပုံအရ ငွေချေးသူ အိမ်ထောင်စုတစ်စုချင်းအား တိုက်ရိုက်အကျိုးခံစားခွင့် ရှိစေရုံသာမက ကျေးရွာလူထုအနေဖြင့် မိမိတို့၏ လက်တစ်ကမ်းတွင် ချေးငွေကို အလွယ်တကူ ရရှိစေခဲ့ကြောင်း၊ စီမံကိန်းကျေးရွာတွင် မတည်ပေးထားသည့် သိန်း ၃၀၀ ငွေကြေးအရင်းအမြစ်ကြောင့် အဆိုပါဒေသတွင်းတွင် ငွေကြေးစီးဆင်းမှုကို တိုးပွားစေပြီး စီးပွားရေးလည်ပတ်မှုကောင်းမွန်လာခြင်းနှင့်အတူ ရောင်းဝယ်ဖောက်ကားမှု များပြားလာစေရေးကိုလည်း အထောက်အကူဖြစ်စေကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကိုပါ တစ်ဖက်တစ်လမ်းမှ ကြီးမားစွာ ထောက်ကူပေးနိုင်မည့် ကျေးလက်အသေးစားငွေချေးလုပ်ငန်းများနှင့် မြစ်မိမ်းရောင်အစီအစဉ်တို့ကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် မူဝါဒများအားပေါ်ထွက်လာအောင် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခြင်းနှင့် မြစ်မိမ်းရောင်စီမံကိန်း နှိုင်းယှဉ်အားသာချက်နှင့် အားနည်းချက်များ၊ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များ အကဲဖြတ်လေ့လာသုံးသပ်ရေးစနစ် တိုးတက်ဖြစ်ပေါ်ရေး၊ မြစ်မိမ်းရောင်စီမံကိန်းနှင့် ကျေးလက်ငွေချေးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မြစ်မိမ်းရောင်စီမံကိန်းနှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒများ လိုက်လျောညီထွေရှိမှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရာတွင် ပါဝင်သည့် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စပါးဈေးကျဆင်းမှုကြောင့် တောင်သူများ စိုက်ပျိုးစရိတ် ချေးငွေများကို ကေလျှော့၍ထုတ်ချေး

**ကျိုက်မရော ဇွန် ၂၆**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများအား ၂၀၁၇ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၂၆ ရက်က အထရံပေါလောကျေးရွာအုပ်စုရှိ တောင်သူ ၇၇ ဦး၏ စပါးစိုက်ဧက ၆၂၂ ဧကအတွက် ငွေကျပ် ၉၃၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အထရံပေါလောကျေးရွာနေ တောင်သူ ဒေါ်ခင်မာလာအေးက "ကျွန်မကလယ် ၁၇ ဧက ပိုင်ဆိုင်ပြီး ရေနက်ကွင်းက ၁၀ ဧကနဲ့ ကုန်းမြင့် ခုနစ် ဧကခန့်ရှိတယ်။ လက်ရှိအချိန်မှာ ကုန်းမြင့်နေရာတွင်သာ ဆင်းသုခ စပါးမျိုးကို စိုက်တယ်။ ယခင်နှစ်က စပါးဈေးက ခုနစ်သိန်းခန့်ရရှိကာ ယခုနှစ်တွင် လေးသိန်းခွဲသာပေး၍ စပါးကို သိုလှောင်ထားတယ်။ စိုက်ပျိုးစရိတ်ချေးငွေကို ခြောက်ဧကအတွက်သာချေးပါတယ်"ဟု ပြောကြားခဲ့သည်။

စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ လက်ရှိအချိန်အထိ ကျေးရွာ ၂၂ ရွာရှိ လယ်ဧက ၅၄၆၈ ဧကအတွက် ကျပ်သိန်း ၈၂၀၂ ကို ထုတ်ချေးပေးနိုင်ခဲ့ပြီး တောင်သူများအနေဖြင့် ယခင်နှစ်ချေးယူသည့် ဧကထက် လျှော့နည်း၍ ချေးယူခဲ့ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်သီတာထွန်းထံမှ သိရသည်။ ယခုနှစ်အတွင်း မိုးစပါးချေးငွေများကို ကျေးရွာ ၃၈ ရွာ၏ စိုက်ဧက ၁၃၀၈၃ ဧကအတွက် ငွေကျပ် ၁၉၆၂၄ ဒသမ ၅ သိန်းကို ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**နိုင်ထွန်း**

# ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇွန် ၂၆**

**"အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် မီဒီယာ"** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးကို အထောက်အကူပြုစေသည့် နည်းလမ်းများ၊ ဗျူဟာများချမှတ်နိုင်ရေးအတွက် ရည်ရွယ်၍ ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာအဖွဲ့များ၊ တိုင်းရင်းမီဒီယာကိုယ်စားလှယ်များ၊ ပြည်တွင်းသတင်းစာ စာနယ်ဇင်းသမားများ၊ CSO၊ NGO၊ နိုင်ငံရေးပါတီအဖွဲ့တို့ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားကို ကယားတိုင်းရင်းသားရိုးရာအကဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ကဆော့မွန် (Executive Director of BNI) က တိုင်းရင်းမီဒီယာများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ ပင်မမီဒီယာများက ကူညီပေးရန် တိုင်းရင်းမီဒီယာ၏မူဝါဒရပ်တည်ချက်များကို ဆွေးနွေးချမှတ်ရန် တိုင်းရင်းမီဒီယာများမှ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်ရေးတို့အတွက် ရပ်တည်သွားရန်လိုအပ်ကြောင်း ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းရင်းသားမီဒီယာများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်ပေါ် တိုးတက်မှုများတွင် ရပ်တည်သွားမည်ဟု ယုံကြည်ပါကြောင်းနှင့် တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ်က ဒီမိုကရေစီကူးပြောင်းရေးကာလတွင် မီဒီယာကဏ္ဍသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်နှင့်အညီ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားပါက ဒီမိုကရေစီတိုင်းပြည်ထူထောင်ရေးကို အမြန်ဆုံးရောက်ရှိမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ မီဒီယာများအပြင် အခြားတိုင်းရင်းသားမီဒီယာများကပါ ဘက်လိုက်မှုကင်းသော အခြေအနေမှန်သတင်းမှန်များ တင်ပြပေးခြင်းနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဟုမျှော်လင့်ပါကြောင်း ပြောကြားပြီး USAID မှ Office of Democracy and Government လက်ထောက်ညွှန်ကြားရေးမှူး Mr. Chris Hobbs နှင့် ကန္တာရဝတီတိုင်းမ်မှ အယ်ဒီတာချုပ် ကိုစေးရယ်တို့က တိုင်းရင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ပြောကြားကြသည်။

ညီလာခံပထမနေ့တွင် ပြည်နယ်အလိုက် တိုင်းရင်းမီဒီယာများ ရင်ဆိုင်နေရသည့် အနေအထားနှင့် စိန်ခေါ်မှုများ၊ ကူညီပေးနေမှုအခြေအနေနှင့် တိုင်းရင်းမီဒီယာများကို ပူးတွဲနိုင်ရေး ကိစ္စရပ်များ၊ တိုင်းရင်းမီဒီယာများမှ ရရှိနိုင်သည့် အခွင့်အရေးရပ်တည်ချက်နှင့် စာဖတ်ပရိသတ်၏ ယုံကြည်မှုကိုရရှိစေရန်၊ ပြည်နယ်အသီးသီးတွင် မီဒီယာများ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

■



# နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများ၌ တိုင်းရင်းသားဘာသာအစီအစဉ်များ ထုတ်လွှင့်ဖော်ပြဆောင်ရွက်ပေးလျက်ရှိ

**လွိုင်ကော် ဇွန် ၂၆**

ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းရင်းသားများ၏ သတင်းမီဒီယာနှင့် စာပေကဏ္ဍတို့တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုးချဲ့ဆောင်ရွက်ပေးမည့်အစီအမံများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာများ၌ တိုင်းရင်းသားဘာသာအစီအစဉ်များ ထုတ်လွှင့်ဖော်ပြဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်ပေးရန် မိမိတို့တွင် တာဝန်ရှိသည်ဟုလည်း ခံယူထားပါကြောင်း၊ သို့ရာတွင် ဆောင်ရွက်နိုင်မှုပမာဏ နည်းပါးနေသေးကြောင်း၊ တိုးချဲ့ဆောင်ရွက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားမီဒီယာများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားမီဒီယာများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အားတက်သရော ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

တိုင်းရင်းမီဒီယာညီလာခံများကို ၂၀၁၃ ခုနှစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ချင်းပြည်နယ် ဟားခါးမြို့၌ လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ Burma News International နှင့် ကန္တာရဝတီတိုင်းမ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လွိုင်ကော်မြို့ သီရိရုပ်ရှင်ရုံဟောင်းမြေနေရာတွင် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် Community Centre ပါဝင်သော ခေတ်မီအထပ်မြင့်အဆောက်အအုံသစ် တည်ဆောက်နိုင်ရေးနှင့်ပတ်သက်၍ ကနဦးညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၅ ရက်က လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ သီရိရုပ်ရှင်ရုံဟောင်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ လွိုင်ကော်သတင်းဌာနခွဲ၊ သတင်းရိုက်ကူးပေးပို့၊ ထုတ်လွှင့်နေမှုအခြေအနေများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၊ ဒီးမော့ဆိုမြို့နယ်ရုံးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ခရီးစဉ်တွင် အတူလိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စာကြည့်တိုက်များ အသက်ဝင်ရှင်သန်ရေး၊ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် ရပ်ရွာအခြေပြုလူထု၏ Community Centre များ ဖြစ်စေရေး၊ နယ်မြေဒေသအလိုက် တည်ရှိနေသည့် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို တတ်စွမ်းသရွေ့ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအတွက် စာဖတ်သည့်အလေ့အကျင့်ရရှိစေရေးအတွက် ကလေးစာဖတ်ခန်းများကို ယခုထက် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် တိုးချဲ့ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**




# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားသင်တန်းသူအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေကြပြီး အနာဂတ်နိုင်ငံတော်၏ပိုမိုကြီးမားသည့်တာဝန်များကို ထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ ပိုမိုမြင့်မားထက်မြက်လာစေကာ ၎င်းတို့တာဝန်ယူရသော ဝန်ထမ်းအဖွဲ့အစည်းတွင် ဦးဆောင်နိုင်မှု စွမ်းရည်တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလအနေဖြင့် ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ပြည်ပဘာသာရပ်ပို့ချမှုအနေဖြင့် UNDP မှ "Public Administration Responsiveness Trainings၊ Code of Ethics၊ Anti-Corruption၊ Competency Frameworks"၊ **Hanns Seidel Foundation** က "Constitutions and Federal Ideas"၊ **UN-APCICT** က "ICT and Sustainable Development၊ Project Management၊ Social Media for Development"၊ **EU(GOPA)**က"Irish Civil Service Competency Frameworks and Health Management" စသည့် ဘာသာရပ်များကို ရက်သတ္တငါးပတ်တာပို့ချပေးသွားမည်ဖြစ်ပြီး ပြည်တွင်းဘာသာရပ်ပို့ချမှုအနေဖြင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်များက ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိဖြင့် ပြုစုထားရှိသည့်သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများကို ရက်သတ္တသုံးပတ် ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်အစိုးရ၏ရည်ရွယ်ချက်များဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသော နိုင်ငံ့ဝန်ထမ်း၏ စွမ်းအား(Ability)နှင့် စွမ်းဆောင်ရည်(Capability) တို့သည် အရေးကြီးသည့်အတွက် အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက်ရှာဖွေစုဆောင်းသွားရန်လိုကြောင်း၊ ယခုသင်တန်းမှ နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက်စွမ်းရည်များကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံ့ဝန်ထမ်းလောက ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့် သမာသမတ်ရှိပြီး အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုရှိမှသာ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဘက်လိုက်ခြင်းကင်းစွာ တန်းတူညီမျှ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်မည့် သန့်ရှင်းသည့် အစိုးရပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသည့် အင်အားစုများဖြစ်ပြီး ပြည်သူလူထုအတွက် အခြေခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများလည်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုသည် အစိုးရကိုကိုယ်စားပြုသူများဖြစ်သည့်အတွက် အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အခရာကျသူများဖြစ်ပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ပေါ်ထွန်းလာအောင် စွမ်းဆောင်ပေးနိုင်မည့်သူများဖြစ်ပါကြောင်း၊ နိုင်ငံတော်အသွင်ကူးပြောင်းဆဲကာလတွင် ပြည်သူများက နိုင်ငံ့ဝန်ထမ်းများအပေါ်ထားရှိသည့် မျှော်မှန်းချက်များသည် ယခင်နှင့်မတူဘဲ အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများကို ရယူလိုသည့်အတွက် ယခုသင်တန်းတက်ရောက်ကြသည့် အရာရှိကြီးများသည် အမှုထမ်းများကို ထိရောက်စွာ ဦးဆောင်ပြီး အထက်အဆင့်ကိုလည်း ခေတ်နှင့်အညီ ပြီးပြည့်စုံသော ပံ့ပိုးမှုများ ပေးနိုင်မှသာလျှင် ကောင်းမွန်သည့် အုပ်ချုပ်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ပြည်သူလူထုက လိုချင်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပြီးပြည့်စုံသည့် ဝန်ဆောင်မှုကိုပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**✪ အပြည်ပြည်ဆိုင်ရာမှ**

ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာကွန်ဗင်းရှင်းနှင့်အညီ နည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်စနစ်နှင့် လျော်ညီစေရန် (၆)ကြိမ်တိုင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး မဟာဗျူဟာ(၂)ရပ်ကို ချမှတ်ပြီး ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃ - ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ် စီမံကိန်းကို ရှမ်း၊ ကချင်၊ ကယားနှင့် ချင်းပြည်နယ်တို့ရှိ မြို့နယ်ပေါင်း ၅၁ မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ(၅)နှစ် စီမံကိန်းကို တိုးချဲ့ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၈၀၀ ရှိခဲ့ပြီး မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မီးရှို့ဖျက်ဆီးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆၆၀၀၀ ကျော်ဖြစ်ပါကြောင်း။

ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေနှင့်စွမ်းအင်ရရှိရေး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနှင့် သာသနာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အလားတူ ဒေသနှင့်ကိုက်ညီသည့် တစ်ပိုင်တစ်နိုင်သား၊ ငါးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန်လိုအပ်သည့် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်ပမှ တင်သွင်းလာသည့် ဓာတုပစ္စည်းများအပေါ် သိုလှောင်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှု၊ ဖြန့်ဖြူးမှုတို့ကို နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လမ်းလွဲမရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခု ဖွင့်လှစ်ပြီး မူးယစ်ဆေးဝါးဆိုင်ရာ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးစွဲလူနာများအတွက် တစ်နေရာတည်း၌ ကုသရေးဝန်ဆောင်မှုအားလုံးရရှိစေရန် ပြည်သူလူထုအခြေပြု One Stop Service လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားပေးခြင်းနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများ ဖွဲ့စည်း၍ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကျောင်းသားလူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ တိုက်ရိုက်အသိပညာပေးခြင်းနှင့် သွယ်ဝိုက်၍ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သည့် သတင်း၊ တေးသီချင်းနှင့် ရုပ်မြင်သံကြားဇာတ်လမ်းများကို ဘာသာစကားမျိုးစုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများ၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်တို့မှလည်း ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများနှင့် ကာတွန်းများထည့်သွင်းဖော်ပြ အသိပညာပေးလျက်ရှိပါကြောင်း။

ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ၂၀၁၆ ခုနှစ် အကြိမ်(၃၀)မြောက် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေး၏ အကြံပြုချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် ပြည်သူ့ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုကို ရှေးရှုသော မူဝါဒသစ်တစ်ရပ်ကိုလည်း အခြေခံလူ့အခွင့်အရေးများနှင့်အညီ Road Map ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းတစ်ခုကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် UNODC ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်တွင် ဆောင်ရွက်နိုင်သည့် CBT (Community Base Treatment) စီမံချက်တစ်ခုကို ရေးဆွဲလျက်ရှိသကဲ့သို့ ထိရောက်သည့်ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် နည်းပြဆရာသင်တန်းများကိုလည်း စတင်ဖွင့်လှစ်ပို့ချနေပြီဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်မှုခင်းများ၊ အန္တရာယ်များနှင့် ကြောက်ရွံ့မှုများ မည်မျှထိလျှော့ချနိုင်သည်ဆိုသည့် Index များနှင့် တိုင်းတာသွားမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

စီမံကိန်းများနှင့်လုပ်ငန်းစဉ်များ ရေးဆွဲသည့်အခါ လိုအပ်သည့် လေ့လာဆန်းစစ်မှုနှင့် အခြေခံအချက်အလက်စုဆောင်းမှုများကို စနစ်တကျဆောင်ရွက်ပြီး ပြဿနာ၏အရင်းအမြစ်ကို လက်တွေ့ကျကျဖြေလျှော့နိုင်သည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှသာ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာတွင် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြစ်မှုတရားစီရင်ရေးစသည့် အကြောင်းအရာများပါဝင် ရှုပ်ထွေးသောသဘောရှိသည့်အတွက် ဘက်ပေါင်းစုံပါဝင်သည့် ချဉ်းကပ်မှုမျိုးဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီမှသည် လူတစ်ဦး တစ်ယောက်ချင်းစီအထိ ကိုယ်စီတာဝန်ရှိသည်ဆိုသည့်အသိဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Listen FIRST"ဆိုသည့်အတိုင်း မိသားစုတိုင်းအနေဖြင့် မိမိတို့ကလေးသူငယ်များ၏ ခံစားချက်များကို ဦးစွာနားထောင်ပေးပြီး ကလေးများ၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးတို့အတွက် ကိုယ်စီတာဝန်ရှိသည်ဆိုသည့်အသိဖြင့် စီမံဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ UNODC ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ပထမဆုရရှိသူ ခြောက်ဦးအား ဆုများပေးအပ်သည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၆ ရက်ကို ကမ္ဘာ့မူးယစ်ဆေးဝါးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အဆိုပါအခမ်းအနားများ ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် အကြိမ်(၃၀)ရှိပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာ **အလွတ်တန်း**ပြိုင်ပွဲများတွင် ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများနှင့် **မူလတန်း၊ အလယ်တန်း** နှင့် **အထက်တန်းအဆင့်** ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအပါအဝင် ဆောင်ပုဒ်ပြိုင်ပွဲဆုရသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားများတွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ယာယီရဲမှူးကြီးရွှေသောင်းက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားပြီး နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ဗဟိုအဆင့် ကဗျာပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦးနှင့် အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဆုရရှိသူ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ယာယီရဲမှူးကြီးရွှေသောင်းနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်ရှ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။





**ရန်ကုန်တိုင်းဒေသကြီး၌ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားသို့ တက်ရောက်လာသူများက မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်ကာ မီးရှို့ဖျက်ဆီးနေကြစဉ်။**

**❒ ရန်ကုန်တိုင်းဒေသကြီးမှ**

မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ၂၅ မျိုး၏တန်ဖိုးမှာ ကာလပေါက်ဈေးအရ မြန်မာငွေကျပ် ၂၉၆ ဒသမ ၄ ဘီလီယံခန့်(အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၉၄ သန်းခန့်)ရှိကြောင်း၊ ယခု မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းမှာလည်း မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကို ပြသခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်မှာ အနာဂတ်မျိုးဆက်သစ်လူငယ်များကို ခြိမ်းခြောက်နေသော ဘေးအန္တရာယ်ဆိုးကြီးဖြစ်ခြင်းကြောင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါး ပျံ့နှံ့မှုမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့်မူးယစ်ဆေးဝါးများကို လေ့လာစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဖျက်ဆီးမည့်မူးယစ်ဆေးဝါး ဗျူပရီနော်ဖင်း (Buprenorphine) နှင့် ဖင်ဆီဒိုင်းပုလင်းများကို အုတ်ကန်အတွင်းသို့ ပစ်ပေါက်ဖျက်ဆီး၍လည်းကောင်း၊ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်ကာမီးရှို့၍လည်းကောင်း ဖျက်ဆီးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ဌေးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကိုပြသကာ တက်ရောက်လာသူများက ဆုရရှိသူများ၏ ပြိုင်ပွဲဝင်လက်ရာများနှင့် မှတ်တမ်းဓာတ်ပုံပြပွဲများကို ကြည့်ရှုလေ့လာခဲ့သည်။

ပြိုင်ပွဲအသီးသီးတွင်ဆုရရှိသူများမှာ ဗဟိုအဆင့် ၁၇ ဆုနှင့် တိုင်းဒေသကြီး အဆင့် ၉၃ ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၂၅ ဦး၊ အလွတ်တန်း ငါးဦး ပေါင်း ၁၃၀ နှင့် ဗဟိုအဆင့် အလွတ်တန်းပြိုင်ပွဲများတွင် ကိုးဦးတို့ ဆုရရှိခဲ့ကြသည်။

အခမ်းအနားများသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအဖွဲ့နာယက ဦးတင်လှိုင်၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆရာဆရာမများ၊ ပြိုင်ပွဲဝင်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မိဘစုများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■




## မောင်တောခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်တိုက်ဖျက်ရေးနေ့ကျင်းပ

**မောင်တော ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မောင်တောခရိုင် မောင်တောမြို့ အထက(၁)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဉာဏ်မြင့်ကျော်၊ မောင်တောခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီး၊ ဆရာဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သောသဝဏ်လွှာကို မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဉာဏ်ဝင်းဦးက ဖတ်ကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဦးစီးအရာရှိ ဦးကျော်လွင်ဦးကလည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့်ရရှိလာသည့် ဆိုးကျိုးများနှင့်စပ်လျဉ်း၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်သိန်းကလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အကြိမ် (၂၀)မြောက် ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများတွင် မောင်တောခရိုင်အဆင့် ဆုရကျောင်းသား ကျောင်းသူများနှင့် ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးဖော်ထုတ်မှုများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သူများအား ဆုများချီးမြှင့်ကာ ပြသထားသောပြခန်းများကို ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်း -မောင်မြင့်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-သတ္တ**

# ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ယနေ့ ကျရောက်သည့် အကြိမ် (၃၀) မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒဂုံဧရာယာဉ်ရပ်နားစခန်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတို့၌ တစ်ပြိုင်တည်းကျင်းပသည်။



**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက သိမ်းဆည်းရမိသည့် ဓာတုဆေးရည်များကို သွန်ချဖျက်ဆီးနေစဉ်။**

အဆိုပါ အခမ်းအနားများတွင် မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်း ၁၃၂၃ ဒသမ ၀၃၄၃ ကီလို၊ ဘိန်းဖြူ ၇၂၅ ဒသမ ၁၉၄၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁၂၈၁၂၉၀ ပြား၊ ဘိန်းဆီခဲ ၅၆ ဒသမ ၃၄၄၇ ကီလို၊ ဆေးခြောက် ၂၂၈ ဒသမ ၆၇၉၅ ကီလို၊ အိုက်စ် ၁၈၆၂ ဒသမ ၆၇၈၃ ကီလို၊ စိတ်ကြွဆေးပြားအမှုန့် ၄၅ ဒသမ ၀၁၄၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀ ဒသမ ၃၇၃၁ ကီလို၊ ဘိန်းညှိမှုန့် ၁၀၀၉ ဒသမ ၁၈၀၉ ကီလို၊ ကိုကင်း ၄၄၉ ဒသမ ၈၇၅ ကီလို၊ ဘိန်းစာမှုန့် ၁၈၃၄ ဒသမ ၈၅၈၆ ကီလို၊ ဘိန်းစာရွက် သုည ဒသမ ၀၈၉၁ ကီလို၊ ဘိန်းစာရည် သုည ဒသမ ၁၇၁၂ လစ်တာ၊ ဘိန်းဆီရည် သုည ဒသမ ၇၉၈ လစ်တာ၊ ဘိန်းရည် ၇၉၆ ဒသမ ၈၁၉၇ လစ်တာ၊ ဘိန်းဖြူရည် သုည ဒသမ ၀၅၀၅ လစ်တာ၊ စိတ်ကြွဆေးရည် သုည ဒသမ ၁၅၃ လစ်တာ၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကတ်တမင်း ၁၅၈၆ ဒသမ ၂၅၂၂ ကီလို၊ မက်သဒုန်းဆေးရည် သုည ဒသမ ၄၀၁ လစ်တာ၊ အက်တက်စီ ၂၉ ပြား၊ Phensedyl ၅၇၅ ပြား၊ ထရာမဒေါလ် ၅၈၈ တောင့်၊ ထရာမဒေါလ်ထိုးဆေး ၁၇၁ ပုလင်း၊ ဗျူပရီနော်ဖင်းထိုးဆေး ၄၇၇၉ ပုလင်း၊ အယ်ပရာဇိုလမ်ဆေးပြား ၆၄၄၈ ပြား၊ ဒိုင်ယာဇီပမ်ဆေးပြား ၃၅၉၁၄၆ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ၇၉၈ ပုလင်း၊ လိုရာဇီပမ်ဆေးပြား ၃၁၆ ပြား၊ Fentanyl ထိုးဆေး ၆၉၇ ပုလင်း၊ စိတ်ပြောင်းဆေးဝါး ၆၆၂၀ ဒသမ ၅ ပြား၊ ကိုဒင်းချောင်းဆိုးဆေး ၉ ပုလင်းနှင့် ထိန်းချုပ်ဆေးဝါး ၇၀၆၀၃ ပြား၊ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၅၇၆၇၄၂ ပြား၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၄၉ ဒသမ ၉၉၅ ကီလို၊ အက်ဖီဒရင်း သုည ဒသမ ၀၈၉၉ ကီလို၊ ကဖင်း ၇၆၆၀ ဒသမ ၉၄၁၇ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၁၇၉၉ ဒသမ ၂၆ လစ်တာ၊ ဆာလဖြူရစ်အက်ဆစ် ၂၀၃၆ ဒသမ ၆၈၁၅ လစ်တာ၊ အီသိုင်းအီသာ ၁၂၀၂ ဒသမ ၀၂ လစ်တာ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများဖြစ်သည့် ကရိုလိုဖောင်း ၅၂၃၂ ဒသမ ၅ လစ်တာ၊ အက်ဆစ်အရည် ၃၀၀၀ လစ်တာ၊ အရက်ပြန် ၂၉ ဒသမ ၉၈ လစ်တာ၊ အရိုးမီးသွေး ၃၀၂၄ ဒသမ ၉၉၈ ကီလို၊ Boron Nitride ၆၇ ဒသမ ၅ ကီလို၊ ကော့စတစ်ဆိုဒါ ၃၉ ဒသမ ၉၉၈ ကီလိုနှင့် ဘိန်းမျိုးစေ့ ၃၈ ဒသမ ၀၀၁၄ ကီလိုတို့ကို ဖျက်ဆီးနိုင်ခဲ့ပြီး ၎င်းမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၅၂၃၆၉၈ ဒသမ ၂၈ သန်းကျော် (အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၀၇ သန်းကျော်)ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



## စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနည်းပညာများနှင့် စပ်လျဉ်းပြီးဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Zeya & Associates Co.,Ltd အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Zeya & Associates ကုမ္ပဏီ၏ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စွမ်းအင်ထုတ်ယူမှုစီမံကိန်းများ၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မည့်နည်းလမ်းများ၊ ရင်းနှီးမြှုပ်နှံထားရှိမှုအခြေအနေများ၊စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနည်းပညာများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၆**

သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စုပေါင်းရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ညိုညိုက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်းစာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသောရင်းမြစ်တစ်ခုဖြစ်ပြီး သန်းခေါင်စာရင်း၏ ထူးခြားသောအရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်သည်။ ကောက်ယူရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်း၊ အထောက်အထားအပေါ်အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်သည်။

သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ စသည်တို့အတွက်လည်း အသုံးဝင်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အဆင့်ဆင့်ထုတ်ပြန်ခဲ့ရာတွင် ယခုထုတ်ပြန်သည့် အစီရင်ခံစာသည် မြို့နယ်/မြို့နယ်ခွဲများ၏ သန်းခေါင်စာရင်းအစီရင်ခံစာများဖြစ်ပြီး အစီရင်ခံစာများကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းရေးသားပြုစုခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် ဇေယျာသီရိမြို့နယ်၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များပါဝင်သည်။

ဇေယျာသီရိမြို့နယ်တွင် ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိရာ လူဦးရေစုစုပေါင်း ၁၁၁၂၉၃ ဦးရှိပြီး အမျိုးသားဦးရေ ၅၅၆၄၂ ဦး၊ အမျိုးသမီးဦးရေ ၅၅၆၅၁ ဦးဖြစ်၍ ကျား၊ မ ဦးရေအချိုးမှာ တူညီနေသည်။ အများစုသည် ကျေးလက်၌ နေထိုင်ပြီး ၃၁ ဒသမ ၅ ရာခိုင်နှုန်းမှာ မြို့ပြ၌နေထိုင်ကြသည်။ အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလေးဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေ ၄ ဒသမ လေးဦးထက် အနည်းငယ်လျော့နည်းနေကြောင်း သိရသည်။

ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ညိုညို၊ မြို့နယ်ဦးစီးမှူး ဦးမင်းအောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**



## ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၂၀၁၇ ခုနှစ်အတွက် ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ဓမ္မာစရိယ သုံးကျမ်းအောင် ၇၈၁ ပါး၊ နှစ်ကျမ်းအောင် ၁၁၇၆ ပါး၊ တစ်ကျမ်းအောင် ၁၄၉၀၊ ပါဠိဂုဏ်ထူးအောင် ငါးပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး အောင်မြင်တော်မူကြသည်။ စုစုပေါင်းဖြေဆိုသူ ၁၉၇၇၅ ပါးအနက် အောင်မြင်သူ ၃၄၅၅ ပါးဖြစ်၍ ၁၇ ဒသမ ၄၉ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယ၊သီလရှင်ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ကြသည်။

| | | | |
|---|---|---|---|
| ၁။ | ပထမ(အဂ္ဂမဟာအကျော်) | ခုံအမှတ် ကရ /၁၇၈၈ | အရှင်ဉာဏောဘာသ<br>ရ /ပခန(သ)၀၁၁၇၃၃<br>ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ခုံအမှတ် ကန/၁၆၇၉ | အရှင်ကေဝလ<br>၁၂/ဗဟန(သ)၀၀၄၃၈၉<br>ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်<br>ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | ခုံအမှတ် ပင/၃၂ | အရှင်သုမန<br>၉/မကန(သ)၀၀၂၀၈၃<br>မစိုးရိမ်တိုက်သစ်၊ မိုးကုတ်မြို့<br>မန္တလေးတိုင်းဒေသကြီး |
| ၁။ | သီလရှင် ပထမ | ခုံအမှတ် ကန/၉၄၄ | မဇဝနညာဏီ<br>၁၄/မအန(သီ)၀၀၁၆၃<br>သမိဒ္ဓေါဒယသုခိတာရာမဒေါ်ဉာဏစာရီမြန်အောင်သီလရှင်စာသင်တိုက်<br>စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး |

၂၀၁၇ ခုနှစ် ဓမ္မာစရိယ စာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြေယာရရှိရေးနှင့် ကျူးကျော်မြေများကို စနစ်တကျ စိစစ်ရှင်းလင်းပေးစေရေးအတွက် နေပြည်တော်သို့လာရောက်၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်း၌ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကံကော်ကျွန်းကျေးရွာနေ ဦးမောင်နိုင်ဦးဆောင်၍ လူအင်အား ၃၃ ဦး ပါဝင်သောအဖွဲ့သည် မြေယာမဲ့ပြည်သူများ မြေယာရရှိရေးနှင့် ကျူးကျော်မြေများကို စနစ်တကျ စိစစ်ရှင်းလင်းဖယ်ရှားပေးရေးအတွက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်သို့ လာရောက်၍ ခွင့်ပြုချက်ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒပြပွဲတွင် ဥတ္တရသီရိမြို့နယ် ဗို-၄ လမ်းဆုံမှ ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်းအထိ နိုင်ငံသားအခွင့်အရေးနှင့်အညီ နိုင်ငံသားမြေနေရာပေးပါ၊ မြေယာမဲ့ပြည်သူများကို လူသားဆန်ဆန် အသိအမှတ်ပြုပါ၊ ဆင်းရဲသားပြည်သူများ၏ အိုးအိမ်များကို အတင်းအဓမ္မဖယ်ရှားနေမှုများကို ချက်ချင်းရပ်ဆိုင်းပေးပါ၊ ဖျက်ဆီးခံရသောပြည်သူများအား စောင့်ရှောက်ပေးပါ ဟူသော စာသားများပါဝင်သည့် ဗီနိုင်းများကိုင်ဆောင်၍ မြေယာမဲ့ပြည်သူများ မြေနေရာရရှိရေး. . . ဒို့အရေး၊ စနစ်တကျ စိစစ်ရှင်းလင်းဖယ်ရှားပေးရေး . . . ဒို့အရေး ဟူ၍ ကြွေးကြော်ကာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြပြီး ဘောလုံးကွင်း၌ ဦးသန်းဝင်းအောင်၊ ဦးမောင်နိုင်၊ ဦးစောမောင်ကြီးတို့က မြေယာမဲ့ပြည်သူများ မြေနေရာရရှိရေး၊ ကျူးကျော်မှုများကို စနစ်တကျစိစစ်ရှင်းလင်းဖယ်ရှားရေး၊ (၂၀၀၈)ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးဆိုင်ရာ အချက်အလက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**



## စက်ပြင်၊ စက်မောင်းသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြား

**မိတ္ထီလာ ဇွန် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း မိတ္ထီလာမှ ကျေးလက်လူငယ်များအား မြန်မာ့ရိုးရာရက်ကန်းပညာများ မတိမ်ကောမပပျောက်စေရန်၊ မြန်မာ့ရိုးရာအထည်အလိပ်ထုတ်လုပ်မှု ရက်ကန်းပညာကို စနစ်တကျပြန့်ပွားစေရန်၊ ပုဂ္ဂလိကပိုင်စက်ရုံးများနှင့် နိုင်ငံပိုင်စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်၍ လုပ်ငန်းရှင်များပေါ်ထွန်းလာစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာဖြင့် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချစေရန် ရည်ရွယ်၍ စက်ပြင်၊ စက်မောင်းသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ပြင်၊ စက်မောင်းသင်တန်းကို မိတ္ထီလာမြို့နယ်အတွင်းရှိ အောင်ပင်သာကျေးရွာ၊ တောမကျေးရွာ၊ အင်းပက်လက်ကျေးရွာနှင့် ချမ်းအေးရပ်ကွက်များမှ သင်တန်းသား သင်တန်းသူ ၂၀ ကို ဇွန် ၂၆ ရက်မှ ဩဂုတ် ၂၆ ရက်အထိ နှစ်လကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝက ပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

တိုင်းပြည်တိုးတက် သာယာဖို့
မူးယစ်ဆေးကို ရှောင်ရှားစို့

# ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ ရက်က ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၊ ကာဒီကျေးရွာနှင့် သင်္ဂနက်ကျေးရွာများရှိ ကမ်းပြိုကာကွယ်ရေး ဘိုးပိုင်အခြေပြု မြေထိန်းနံရံ တည်ဆောက်ထားရှိမှု အခြေအနေ၊ သဲအိတ်စီသဲမွေ့ရာ အုတ် ရေလွှဲရေကာတည်ဆောက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီအောင် စနစ်တကျ ဆောင်ရွက်ရေး၊ ဆောင်ရွက်ထားရှိမှုအပေါ် အစစ်ဆေးခံနိုင်ရေးနှင့် နှစ်ရှည်ခိုင်ခံ့သော လုပ်ငန်းများဖြစ်စေရေးတို့ကို ဂရုပြု ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အင်းဝပြတိုက်နှင့် လမ်း (၈၀)ယဉ်ကျေးမှုပြတိုက်တို့အား ယခုနှစ်ခွင့်ပြုဘဏ္ဍာငွေကျပ်သိန်း ၈၀၀ ဖြင့် ပြုပြင်ထိန်းသိမ်းသွားမည်

**မန္တလေး ဇွန် ၂၆**

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုဘဏ္ဍာငွေကျပ်သိန်း ၈၀၀ ဖြင့် အင်းဝပြတိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအပါအဝင် လမ်း (၈၀) ယဉ်ကျေးမှုပြတိုက်နှင့် ပယ်ပုံတော်ဝင်းရှိ စာကြည့်တိုက်နှင့်ဝန်ထမ်းအိမ်ရာလျှပ်စစ်ဓာတ်အား တိုးမြှင့်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်းက ပြောကြားသည်။

"အင်းဝပြတိုက်ကို မနှစ်ကအဆင့်မြှင့်တင်ပြုပြင်ခဲ့ပြီး ကျန်နေသေးတဲ့ အပိုင်းတွေကို ဒီနှစ်ဘဏ္ဍာငွေနဲ့ ဆက်လက်လုပ်ဆောင်မှာပါ။ လမ်း (၈၀) ပြတိုက်ကလည်း မနှစ်က အဆင့်မြှင့်တင်ထားတဲ့အတွက် လိုအပ်တဲ့မီးအလင်းရောင်ပေးနိုင်ဖို့ လက်ရှိဗို့အားနဲ့မနိုင်တော့လို့ ၁၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံး အသစ်လဲလှယ်တပ်ဆင်တာပါ"ဟု ၎င်းကပြောသည်။

ထို့ပြင် ပယ်ပုံတော်ဝင်းအတွင်း ထားရှိသည့် စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများအတွက်လည်း ၂၀၀ ကေဗွီ ထရန်စဖော်မာတိုးမြှင့်တပ်ဆင်၍ လျှပ်စစ်လိုင်းကြိုးများ အသစ်သွယ်တန်းခြင်း လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါလုပ်ငန်းများအတွက် အင်းဝပြတိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်ငွေကျပ်သိန်း ၃၀၀၊ လမ်း(၈၀)ယဉ်ကျေးမှုပြတိုက်ဗို့အား မြှင့်တင်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း ၁၅၀ နှင့် ပယ်ပုံတော်ဝင်းစာကြည့်တိုက်နှင့်ဝန်ထမ်းအိမ်ရာများ ဗို့အားတိုးမြှင့်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း ၃၅၀ သုံးစွဲသွားမည်ဖြစ်သည်။



၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အင်းဝပြတိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအတွက်ခွင့်ပြုငွေကျပ်သိန်း ၇၇၀ဖြင့်ဆောင်ရွက်ခဲ့ပြီး၎င်းနှစ်တွင် လမ်း(၈၀)နှင့်(၂၄)လမ်းထောင့်ရှိ ယဉ်ကျေးမှုပြတိုက်အား ခွင့်ပြုဘဏ္ဍာငွေကျပ်သိန်း ၁၂၀၀ ဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကျောက်ဆည် ဓမ္မာရုံ၌ကျင်းပရာ**(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)က နှုတ်ဆက်အမှာစကားပြောကြားကာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်သိန်းနိုင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့သည်။



အစည်းအဝေးအပြီးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက် (၇၅) နှင့်အထက် ၇၂ ဦး၊ မသန်စွမ်းစစ်သည် ၁၆ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ခြောက်ဦး၊ ရိုးရိုးအောင် ငါးဦး စုစုပေါင်း ၁၁ ဦးနှင့် အစည်းအဝေးတက်ရောက်လာသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၂၂ ဦးတို့အား ထောက်ပံ့ငွေကျပ် ၄၂၀၀၀၀၀ နှင့် ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား မြို့နယ်အသီးသီး၌ ကျင်းပ

### ခန္တီးမြို့

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က မူးယစ်ဆေးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလွင်မောင်မြင့်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်း၊ ဆေးရုံအုပ်ဒေါက်တာညွှန့်စိန်က ဆေးစွဲလူနာများကုသပေးမှုဆိုင်ရာများ အသီးသီးဆွေးနွေးရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**ချန်လော(ခရိုင်ပြန်/ဆက်)**

### မအူပင်မြို့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မအူပင်ခရိုင် တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဘဝင်းကဖတ်ကြားသည်။ ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဥပဒေ၊ နည်းဥပဒေများကို မြို့နယ်ဥပဒေအရာရှိ၊ ကျန်းမာရေး၊ တရားရေးတာဝန်ရှိသူများက ပညာပေးဟောပြောကြပြီး ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကွန်ပျူတာကာတွန်း၊ ပန်းချီကာတွန်းပြိုင်ပွဲတွင် ဆုရရှိသည့် ခရိုင်အတွင်းရှိ လေးမြို့နယ်မှ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် ပြသထားသော မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပြခန်းအားလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ခိုင်(ပြန်/ဆက်)**

### မိုင်းရယ်မြို့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို လားရှိုးခရိုင် မိုင်းရယ်မြို့ အလက၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက ဖတ်ကြားခဲ့သည်။ ဆက်လက်ပြီး မိုင်းရယ်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဆရာမ ဒေါ်နန်းခမ်းငွေက မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**ခင်မာလာ(မကွေး)**

### သရက်မြို့

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်က အထက(၃)ကျောင်း၌ ကျင်းပရာ တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းကအဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မောင်အေးက ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဇော်ထက်(သရက်)**

### ကျောက်ကြီးမြို့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဇွန် ၂၆ ရက်တွင် ကျင်းပသည်။

ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူးအေးထွန်းက စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ပါဝါပွိုင့်ဖြင့် အကျယ်တဝင့်ရှင်းလင်းခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သော်ဇင်အောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သူများအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာသူများအား တပ်မတော်စစ်ကြောင်းက တွေ့ရှိသဖြင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ နမ့်ဆန်-သီပေါကားလမ်း၌ လမ်းကြောင်းလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ယနေ့ညနေ ၃ နာရီခွဲတွင် နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအနီး၌ နမ့်ဆန်ဘက်မှ သီပေါဘက်သို့ မောင်းနှင်လာသည့် လင်ခရူဇာအမျိုးအစားယာဉ်နှင့် WISH အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးတို့ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့သည်။

အဆိုပါလိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးတွင် DVB သတင်းအေဂျင်စီမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီ သတင်းအေဂျင်စီမှ သတင်းထောက် ဦးသိန်းဇော်တို့အပါအဝင် အမျိုးသား ခုနစ်ဦး လိုက်ပါလာပြီး ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ နိုင်ငံတော်အစိုးရနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အား လက်နက်ကိုင်ဆန့်ကျင်လျက် ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုပျက်ပြားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည့် နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာတစ်ဝိုက်ရှိ TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လားရှိုးမြို့နယ် ရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံထားကြောင်းနှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၄ စီး၊ သွင်းကုန်အစီး ၅၅၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အထိုင်ဖုန်းနှင့် Bluetooth Receiver Power Amplifier များကို တွေ့ရစဉ်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၄၇ သန်းခန့်)၊ စုစုပေါင်းတားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၆၄၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၃ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီးကို ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အထိုင်ဖုန်း (80) Nos နှင့် Bluetooth Receiver Power Amplifier (24) Nos (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉ သန်းခန့်)ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

● **ကျောက်ဖြူမှ**

ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်တွင် (၁) ကြိမ်မြောက် ထီဖွင့်ပွဲမှ (၃) ကြိမ်မြောက် ထီဖွင့်ပွဲအထိ အမြင့်ဆုံးဆုကြေး ကျပ်သိန်း ၁၀၀၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၅၀၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆု တစ်ဆုတို့အပါအဝင် ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀၊ ကျပ် ၁၀ သိန်းနှင့် ပဒေသာ ဆုမဲစနစ်များကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄) ကြိမ်မြောက် ထီဖွင့်ပွဲတွင် ကျပ်သိန်း ၃၀၀၀ ဆုကို ထည့်သွင်းချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယခု ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်တွင် ပင်မထီ -က- အက္ခရာမှ အစဉ်လိုက် -ဖ-အက္ခရာ အထိ အက္ခရာအလုံးရေ ၂၂ လုံးနှင့် အရန်ထီ-ကက-အက္ခရာမှ အစဉ်လိုက် -ကဖ-အက္ခရာအထိ ၂၂ လုံး စုစုပေါင်းအက္ခရာ ၄၄ လုံး၊ ထီစာအုပ်ပေါင်း ၃၅၉၉၉၉၂ အုပ်၊ ထီလက်မှတ်စောင်ရေပေါင်း ၃၉၅၉၉၉၁၂ စောင် ရောင်းချခဲ့ရပြီး ယခင်အကြိမ်များထက် ဆုမဲများ တိုးမြှင့်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"ဇွန် ၁ ရက်မှာ စတင်ရောင်းချခဲ့တဲ့ ထီလက်မှတ်မှာ အက္ခရာ ၄၄ လုံး ရောင်းချခဲ့ရတဲ့အတွက် ထီဆုငွေတွေလည်း တိုးမြှင့်လာမှာပါ။ အက္ခရာ တိုးလာတဲ့အတွက် ဆုကြေးလည်း တိုးလာမှာပါ။ ပိရမစ်ပုံစံအတိုင်း ဆုကြေး တိုးမြှင့်ခွဲဝေပေးသွားမယ်"ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောင်ဘာလေ သိန်းဆုဌာနခွဲမှ ထီကိုယ်စားလှယ်များသို့ ဖြန့်ဖြူးခဲ့သည့် ထီလက်မှတ်စာအုပ်များ ရောင်းချခဲ့မှုအပေါ် ဆုမဲခွဲဝေပုံစနစ်တွင် ထီလက်မှတ်ရောင်းရငွေပေါင်းမှာ ကျပ် ၁၇၉၉၉ ဒသမ ၉၆ သန်းဖြစ်ပြီး ယင်းအနက် ၄၀ ရာခိုင်နှုန်းမှာ နိုင်ငံတော် အခွန်ရငွေအဖြစ် ပေးသွင်းပြီး ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ခွဲဝေပေးလျက်ရှိရာ ငွေကျပ် ၁၀၇၉၉ ဒသမ ၉၇၆ သန်းကို ဆုမဲများအဖြစ် ပြန်လည်ခွဲဝေပေးမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။ **(ဆုနှင်းလဲ့)**



**စန်းယုအောင်(ခ)ရှိုင်းအောင်အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# သာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၆**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် ည ၁၁ နာရီခန့်က သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအထွက် တောင်ကြီး-မိတ္ထီလာ ကားလမ်းပေါ်၌ ခရီးသည်တင်မော်တော်ယာဉ်အား ရှာဖွေရာ ခရီးသည် စန်းယုအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စန်းယုအောင်(ခ) ရှိုင်းအောင်(၃၅)နှစ်အား အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ကျေးရွာသားတစ်ဦး လုံ့ဖြင့် အထိုးခံရ

**နေပြည်တော် ဇွန် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လိပ်ရကျေးရွာအုပ်စု လိပ်ရမြောက်ရွာနေ ရွာသားတစ်ဦးကို ယမန်နေ့ နံနက်ပိုင်းက တစ်ရွာတည်းနေ လူ ခြောက်ဦးက ဖမ်းဆီး၍ လုံ့ဖြင့်ထိုးသဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လိပ်ရကျေးရွာအုပ်စု လိပ်ရမြောက်ရွာနေ နိုရိုဆလမ်သည် ယမန်နေ့ နံနက် ၅ နာရီခန့်က ကျေးရွာ ဘာသာရေးအဆောက်အအုံ၌ ဝတ်ပြုနေစဉ်တုတ်၊ လုံ့များ ကိုင်ဆောင်ထားသည့် တစ်ရွာတည်းနေ ကျေးရွာသား ခြောက်ဦးက ဖမ်းဆီး၍ မော်လဝီ ဟာဒူအူလာက လုံ့ဖြင့်ထိုးသဖြင့် ဝဲလက်ပြင်နှင့် နောက်ကျောတို့တွင် ဖောက်ဝင်ဒဏ်ရာများ ရရှိခဲ့ပြီးနောက် ထွက်ပြေးလွတ်မြောက်ကာ လိပ်ရစခန်းသို့ ဖုန်းဆက်သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိပ်ရမြောက်ရွာသို့ သွားရောက်ရှင်းလင်းရာ တရားခံများသည် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကျေးရွာအုပ်စု တာဝန်ခံတစ်ဦးကို ဇွန် ၁၇ ရက်တွင် လူ ၁၀ ဦးခန့်က ဓားဖြင့် ခုတ်သတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သူတစ်ဦးအား ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇွန် ၁၇ ရက်က မောင်တောမြို့နယ် ဖွေရာရွာနေ တပ်ဦးချောင်းကျေးရွာအုပ်စုတာဝန်ခံ အာမိအာလီအား မျက်နှာဖုံးဝတ်ဆင်ထားသည့် လူ ၁၀ ဦးခန့်က ဓားဖြင့်ခုတ်သတ်ခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်သူ မာမောက်တော်ယုအား ဘဂိုးနားအလယ်ရွာ၌ ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



○ **မြန်မာအသင်းမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်း ပြင်ဆင်ခွင့်ရရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး KBZ Bank က အဓိက စပွန်ဆာအဖြစ် ပံ့ပိုးကူညီထားခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာ ယူ-၂၂ အသင်းနှင့်အတူ ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ဟောင်ကောင် ယူ-၂၂ အသင်း၊ ဂျပန်တက္ကသိုလ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရေးဆွဲထားမှုအရ ဇွန် ၂၈ ရက် ညနေ ၃ နာရီတွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ဇွန် ၃၀ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဒီးယား ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၂၂ အသင်းနှင့် ဟောင်ကောင် ယူ-၂၂ အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၃ နာရီတွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ- ၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆုကြေးငွေများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး အကောင်းဆုံးဆုနှင့် သွင်းဂိုးအများဆုံးဆုပါ ချီးမြှင့်မည်ဖြစ်သည်။ Title Sponsor အဖြစ် ပံ့ပိုးကူညီမည့် KBZ Bank သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခဲ့ပြီး မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ်ကူးပြောင်းပြီး နောက်ပိုင်းတွင်လည်း ကမ္ဘောဇအသင်းတည်ထောင်ကာ ဘောလုံးသမားများ ပြုစုပျိုးထောင်ပေးခဲ့သည်။ KBZ Bank သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ဆယ်စုနှစ်နှစ်ခုနီးပါးရှိနေပြီဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကလည်း ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပရန် Title Sponsor အဖြစ် ပံ့ပိုးကူညီခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုပြိုင်ပွဲအပြီးတွင် အာရှယူ-၂၃ ခြေစစ်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲ၊ နိုင်ငံတကာခြေစမ်းပွဲအဖြစ် မလေးရှား ယူ-၂၂ အသင်း၊ အင်တာမီလန် လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရခဲ့သောကြောင့် ယခုနှစ်တွင် ရွှေတံဆိပ်ဆုရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



# ပြင်သစ်သားတွေ ဦးဆောင်လာတဲ့ ဘောလုံးဈေးကွက်

မေလဲ့သင်း - ရေးသားသည်

“မက်ပီနဲ့ ဒမ်ဘီလီတို့ဟာ ဒီမတိုင်ခင်ကတည်းက အနာဂတ်ရှိပြီးသားပါ။ ခုတော့ စိုးရိမ်စရာ ဖြစ်နေရပါပြီ” လို့ မှတ်ချက်ပေးခဲ့သူကတော့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးစံချိန်ရှင် ပေါ့ဘာပါ။ အပြောင်းအရွှေ့ဈေးကွက်မှာ အသင်းကြီးတွေက လှုပ်လှုပ်ရှားရှားနဲ့ ခေါ်ယူဖို့ ကြိုးပမ်းခံနေတဲ့ မက်ပီနဲ့ ဒမ်ဘီလီတို့နဲ့ ပတ်သက်ပြီး ပေါ့ဘာက သတိပေးစကားဆိုခဲ့တာဖြစ်ပါတယ်။

ဒီနှစ်ပိုင်းတွေမှာ သတိထားမိတာတစ်ခုကတော့ ဘောလုံးဈေးကွက်ကို ပြင်သစ်သားတွေ ဦးဆောင်လာခြင်းဆိုတာပါပဲ။ မနှစ်က ပေါ့ဘာဟာ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့တင်ထားတဲ့ ပြောင်းရွှေ့ကြေးကိုချိုးဖျက်ပြီး ကမ္ဘာ့စံချိန်တင်ကြေးတစ်ရပ်နဲ့ မန်ယူကိုရောက်ရှိလာပါတယ်။ အရင်က လူမည်းကစားသမားတွေဟာ ခြေစွမ်းကောင်းတာတောင် ပုံရိပ်အားဖြင့် သိပ်ပြီး ပေါ်လွင်ထင်ရှားခြင်းမရှိခဲ့ပေမယ့် ပေါ့ဘာကတော့ အရင်အစဉ်အလာဆိုးတွေကို ချိုးဖျက်ပြီး လက်ရှိ ပရီမီယာလိဂ်ရဲ့ အထင်ပေါ်ဆုံးကစားသမားအဖြစ် ရပ်တည်နေပါတယ်။

မန်ယူက ပေါ့ဘာပြီးတော့ ဂရစ်ဇ်မန်းကို ပေါ့ဘာနဲ့ နှုန်းထားတူ ပြောင်းရွှေ့ကြေးနဲ့ ကမ်းလှမ်းခဲ့ပေမယ့် အက်သလက်တီကိုရဲ့ အပြောင်းအရွှေ့ ပိတ်ပင်ခံရမှုကြောင့် ဒီကိစ္စရပ်က စောစောစီးစီးပဲ ပျက်ပြယ်သွားခဲ့တာပါ။ ပေါ့ဘာ၊ ဂရစ်ဇ်မန်းတို့ဟာ အရည်အသွေးအားဖြင့် စီရိုနယ်လ်ဒို၊ မက်ဆီတို့ကို သာလွန်ခြင်းမရှိပေမယ့် ငွေကြေးဖောင်းပွမှုအပြင် ဘောလုံးဈေးကွက် ပိုမိုကျယ်ပြန့်လာတဲ့ ခေတ်ရောက်နေတာကြောင့် ပေါ့ဘာရဲ့ ပြောင်းရွှေ့ကြေးဟာ ကမ္ဘာ့စံချိန်တင်ကြေး ဖြစ်သွားခဲ့တာဖြစ်ပါတယ်။ ခုလာပြန်ပါပြီ၊ ပြင်သစ်သားနောက်တစ်ယောက် သူကတော့ အားလုံးလည်း သိထားပြီးဖြစ်တဲ့အတိုင်း ဆယ်ကျော်သက် လူငယ်တိုက်စစ်မှူးလေး မက်ပီပါ။ ဒမ်ဘီလီကိုလည်း ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ လီဗာပူး၊ အာဆင်နယ်၊ စပါးတို့ကလည်း အလိုရှိနေပေမယ့် မက်ပီရဲ့ အပြောင်းအရွှေ့လောက်တော့ လှုပ်ခတ်ခြင်းမရှိတာတော့ အမှန်ပဲဖြစ်ပါတယ်။

ဒီနှစ်မှာတော့ ပြင်သစ်လူငယ်ကစားသမားအများစုပါဝင်တဲ့ မိုနာကိုအသင်း ချန်ပီယံလိဂ် စင်မြင့်ထက် တက်လှမ်းလာခြင်းနဲ့အတူ ဘာကာယိုကို၊ လီမာ၊ ဆီဒီဘီ၊ ဂွန်ဒါ၊ မန်ဒီ၊ မက်ပီတို့ရဲ့ ခြေစွမ်းအပေါ် ကမ္ဘာတစ်ဝန်း ပရိသတ်တွေက တအံ့တသြချီးကျူးစကားဆိုခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီထဲမှာမှ ဆယ်ကျော်သက် လူငယ်တိုက်စစ်မှူး မက်ပီရဲ့ ခြေစွမ်းက အပေါ်လွင်ဆုံးဖြစ်ခဲ့သလို မိုနာကိုအသင်းတိုက်စစ်ကို ဝါရင့်တိုက်စစ်မှူး ဖယ်လ်ကာအိုနဲ့အပြိုင် အကောင်းဆုံး ဦးဆောင်နိုင်ခဲ့တာကိုတွေ့ရပါတယ်။

မက်ပီကတော့ ဒီလို ခြေစွမ်းပြသနိုင်ခြင်းက သူ့မိခင်ကို ပေးထားတဲ့ ကတိစကားအပေါ် စောင့်ထိန်းဖို့ ကြိုးစားရင်းကနေ ဖြစ်တည်လာခဲ့တဲ့ အောင်မြင်မှုဖြစ်တယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်က မိုနာကို လူငယ်အသင်းရဲ့ပွဲစဉ်ကို လိုက်ပါကြည့်ရှုခဲ့တဲ့ သူ့မိခင်ကို တစ်နှစ်ပဲ အချိန်ပေးပါလို့ ပြောကြားခဲ့ပြီးနောက် အစွမ်းကုန် ကြိုးစားခဲ့တယ်လို့ ပြန်ပြောင်းဖောက်သည်ချခဲ့ပါတယ်။ မှန်ပါတယ်၊ ပြီးခဲ့တဲ့နှစ်ကဆို မက်ပီဆိုတာ ဘယ်သူကမှ မသိတဲ့ သတိထားမိခြင်းမရှိတဲ့ ကစားသမားလေးဖြစ်ပေမယ့် ဒီတစ်နှစ်အတွင်းမှာတော့ သူ့ရဲ့ နာမည်ဟာ ဘောလုံးလောကနဲ့ မစိမ်းသူတွေအကုန်လုံးကို လှုပ်နှိုးနိုင်ခဲ့သလို အားလုံးရဲ့ နှုတ်ဖျား “မက်ပီ” ဖြစ်နေအောင် ဖန်တီးနိုင်ခဲ့ပါပြီ။

ဒါကြောင့်လည်း ဒီနှစ်နွေဈေးကွက်အတွင်း ဘာမှသေသေချာချာ အဖြေမရှိဘဲ တောက်လျှောက်လှုပ်ခတ်နေတာက မက်ပီရဲ့ အပြောင်းအရွှေ့သာ ဖြစ်နေတော့တာဖြစ်ပါတယ်။ သူဟာ သူ့အရွယ်မှာ အကောင်းဆုံးတိုက်စစ်ကစားသမားတစ်ဦးဆိုတာ အငြင်းပွားဖွယ်မရှိပေမယ့် တစ်ရာသီစာသာ ခြေစွမ်းပြနိုင်သေးတဲ့ သူ့ကို ဥရောပအသင်းကြီးတွေက ပေါင်သန်း ၁၀၀ အထက်နဲ့ချည်း ကမ်းလှမ်းနေပြီး ဘယ်တစ်ခုကိုမှ ခုထိ တိတိကျကျ လက်သင့်မခံသေးပါဘူး။ မန်စီးတီးရဲ့ ပေါင် ၁၀၅ သန်းနဲ့ ကမ်းလှမ်းမှုပယ်ချခံရပြီးနောက်မှာ မန်ယူအသင်းကလည်း ပေါင် ၁၁၃ သန်းနဲ့ ဈေးစပေးပါတယ်။ အဲဒီနောက် ရီးယဲလ်က ပေါင် ၁၁၈ သန်း၊ အာဆင်နယ်ကလည်း ပေါင် ၁၂၂ သန်းနဲ့ ကမ်းလှမ်းခဲ့တယ်လို့ သတင်းတွေ ထွက်နေပါတယ်။

နောက်ပိုင်းမှာတော့ မက်ပီလုပွဲထဲကို ပရီမီယာလိဂ်ကလပ် လီဗာပူးကလည်း အားကျမခံဝင်လာပြန်သလို ပီအက်စ်ဂျီအသင်းကလည်း လိဂ်ပြိုင်ဘက် မိုနာကိုအသင်းရဲ့ မက်ပီကိုရရှိရေး ကြိုးပမ်းလာခဲ့ပါတယ်။ ဒါကြောင့် တစ်နေ့တခြားအလိုရှိတဲ့ အသင်းတွေရဲ့ စိတ်ဝင်စားမှု အေးစက်မသွားဘဲ ပိုပြီး များပြားလာတဲ့အတွက် မက်ပီ ဘယ်ကို သွားမလဲ၊ ဘယ်အသင်းကို စိတ်ဝင်စားမှုပိုပြသလဲ ဒါတွေကိုပဲ မီဒီယာတွေက စစ်စစ်ပေါက်ပေါက် အဖြေထုတ်ပြီး တစ်နေ့တစ်မျိုး မရိုးရအောင်တင်ဆက်နေတာကြတာကို တွေ့ရပါတယ်။

ထူးခြားတာက မက်ပီကို ခေါ်ယူချင်တဲ့ အသင်းတွေ အများကြီး ရှိနေတဲ့အနက် မက်ပီ ဆန္ဒရှိနေတဲ့ အသင်းနှစ်သင်းထဲမှာ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ထားတဲ့ အာဆင်နယ်ပါ ပါဝင်နေတာပါ။ အားလုံးသိထားပြီးဖြစ်တဲ့အတိုင်း မက်ပီရဲ့ ငယ်ဘဝလှုပ်ရှားမှု၊ နေထိုင်မှုပုံစံကိုကြည့်ပြီး မက်ပီဟာ ရီးယဲလ်မက်ဒရစ်ရဲ့ ပရိသတ်၊ ဇီဒန်းကို အားကျလေးစားသူ၊ စီရိုနယ်လ်ဒိုနဲ့ တွဲဖက်ကစားခွင့်ရဖို့ အိပ်မက်မက်နေသူအဖြစ် အားလုံးက ထင်ကြေးပေးနေကြပြီး ရီးယဲလ်သာ ဒီပြင်သစ်သားလေးအတွက် ကွန်းခိုရာနေရာသစ်လို့ ယူဆနေကြတာပါ။

ဒါပေမယ့် ပြီးခဲ့တဲ့ရက်ပိုင်းက မက်ပီဟာ အာဆင်နယ်ကိုလည်းပြောင်းရွှေ့ဖို့ဆန္ဒရှိနေတယ်ဆိုတဲ့ သတင်းထွက်လာတာကြောင့် မက်ပီရဲ့ အနာဂတ်ဟာ ဘယ်အသင်းမှာ ဆက်ရှိနေမလဲ၊ အစောပိုင်းက ထွက်နေသလို မိုနာကိုအတွက် တစ်ရာသီစာ ဆက်လက်ကစားပေးမလား စသဖြင့် ပိုပြီးတော့ ရှုပ်ထွေးလာပြန်ပါတယ်။ မက်ပီရဲ့ အပြောင်းအရွှေ့ကိစ္စရပ်ကို အသင်းကြီးတွေက ကြေးကြီးကြီးပေးကမ်းလှမ်းနေကြချိန် အများစုကတော့ မဖြစ်သင့်တဲ့ကြေးဖြစ်ပြီး မိုနာကိုအတွက်သာ ဆက်နေသင့်တယ်ဆိုတဲ့ ရှုမြင်မှုတွေလည်း အများကြီးရှိနေတုန်းပါပဲ။ သတင်းရင်းမြစ်တွေကတော့ နည်းပြဒီဒီယာဒက်ချမ့်စ်က မက်ပီကို အနာဂတ်အရေးသေချာစဉ်းစားဖို့သာ တိုက်တွန်းခဲ့ပြီး ဘယ်အသင်းကိုတော့ ပြောင်းသင့်တယ်ဆိုတဲ့ အကြံပေးမှုမျိုးမပြုခဲ့ဘူးလို့ သိရပါတယ်။

ဒါဆို မက်ပီဟာ ကမ္ဘာ့ထိပ်တန်းအဆင့်မှာရှိနေတဲ့ တကယ်ကောင်းတဲ့ ကစားသမားမဖြစ်နေဘူးလား၊ ဘာတွေလိုအပ်ချက်တွေ ရှိနေသေးတာလဲ၊ သူ့အသက်အရွယ်အရ အသင်းပြောင်းရွှေ့ဖို့ စောနေသေးတာလား၊ ဒီအမေးတွေအတွက် အဖြေဟာလည်း လူပုဂ္ဂိုလ်တစ်ဦးချင်း ရှုမြင်မှုအပေါ်မူတည်ပြီး ကွဲပြားနိုင်တာကြောင့် ဓမ္မဓိဋ္ဌာန်ကျတဲ့ အဖြေကိုရဖို့ ခဲယဉ်းပါတယ်။ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီက ပေါ့ဘာရဲ့ အပြောင်းအရွှေ့ကလည်း ယခု မက်ပီ ကြုံတွေ့နေရသလို တောက်လျှောက်လှုပ်ခတ်နေခဲ့ပြီးမှ မန်ယူကို ရောက်ရှိသွားတာဖြစ်ပါတယ်။ ပေါ့ဘာဆိုရင် တစ်ရာသီခွဲစာလောက် အပြောင်းအရွှေ့ဈေးကွက်မှာ ထိပ်ဆုံးကနေရှိနေပြီး ဘာစီလိုနာနဲ့ ပုဂ္ဂိုလ်ရေးသဘောတူညီချက်ရပြီးပြီ၊ ရီးယဲလ်ကို ပေါင်သန်း ၁၀၀ နဲ့ ပြောင်းတော့မယ်စသဖြင့် သတင်းတွေ ထွက်နေခဲ့တာပါ။ တကယ်တမ်း အပြောင်းအရွှေ့ဖြစ်လာခါနီးအချိန်ရောက်တော့ ဒီသတင်းတွေ အဖျားရှူးသွားခဲ့ပြီး တကယ်ပြောင်းမယ့် မန်ယူနဲ့ပဲ ဘယ်ရွှေ့ဘယ်မျှနဲ့ ဈေးတည့်ပြီ၊ ပေါ့ဘာက ဘာတွေတောင်းဆိုတယ်ဆိုတဲ့ သတင်းတွေသာ ထွက်လာတော့တာဖြစ်ပါတယ်။ ဒါကြောင့် မက်ပီလည်းပဲ ပေါ့ဘာလို နည်းနဲ့တွက်ရရင် ရီးယဲလ်မက်ဒရစ်၊ အာဆင်နယ်တို့ထဲက တစ်သင်းဆီကိုပဲ ရောက်ဖို့များပါတယ်။

မက်ပီနဲ့ နီးစပ်သူတစ်ဦးကတော့ မက်ပီဟာ ဇီဒန်းနဲ့ရော ဝင်းဂါးနဲ့ရော တိုက်ရိုက်ဖုန်းဆက်ဆွေးနွေးခဲ့ပြီးဖြစ်ပေမယ့် အခြေအနေတစ်ရပ်လုံးကို ပြန်လည်သုံးသပ်နေဆဲပဲလို့ သတင်းပေးပါတယ်။ အာဆင်နယ်ကိုတော့ လေ့ကျင့်ထစ်အသင်းတစ်ခုလို့သာ ရှုမြင်ထားပြီး ဒီလို ကြားခံအသင်းတစ်ခုကို အရင်ပြောင်းမလား၊ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်တို့လို အသင်းတွေကို တိုက်ရိုက်တစ်ခါတည်းပြောင်းမလား ဒါလည်း စဉ်းစားရကျပ်နေတုန်းပါပဲ ဆိုတော့ အခြေအနေဟာ ကွဲကွဲပြားပြားဖြစ်မလာသေးပါဘူး။ ပြင်သစ်အသင်းမှာကစားသမားကောင်းတွေအများကြီးရှိနေပေမယ့် ခြေစမ်းပွဲတွေမှာ စပိန်အသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့တာ၊ ခြေစစ်ပွဲမှာလည်း ဆွီဒင်ကို အရေးနိမ့်ခဲ့တာမျိုးရှိတာကြောင့် ပြင်သစ်အသင်းကစားသမားတွေ တစ်ဦးကောင်းကစားနေကြသလား ဒါလည်း စဉ်းစားစရာရှိပါတယ်။

တစ်ခုသတိပြုစေချင်တာက အကောင်းဆုံးကစားသမားတိုင်းက ကမ္ဘာ့စံချိန်တင်ကြေး ဖြစ်ချင်မှဖြစ်မှာပါ။ ခုနောက်ဆုံး သတ်မှတ်ကြတဲ့ ကြေးတွေထဲမှာဆိုရင် စီရိုနယ်လ်ဒို၊ နေမာ၊ မက်ဆီတို့က ပေါင်သန်း ၁၈၀ အထိဖြစ်နေပေမယ့် ဒီကစားသမားတွေဟာ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့လို အသင်းကြီးတွေကို ရောက်ရှိပြီးဖြစ်တာကြောင့် အသင်းပြောင်းဖို့ဆိုတာဖြစ်နိုင်ခြေနည်းသွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။ တကယ်လို့ စီရိုနယ်လ်ဒိုသာ သတင်းတွေထွက်နေတဲ့အတိုင်း မန်ယူကို ပြောင်းဖြစ်ရင် ကမ္ဘာ့စံချိန်တင်ကြေး ထပ်တင်တဲ့ ကစားသမားဖြစ်လာနိုင်ပါတယ်။

မက်ပီရဲ့ ကြေးကိုလိုချင်တဲ့ အသင်းတွေက ပေါင်သန်း ၁၁၀ လို့ ခန့်မှန်းထားပြီး မိုနာကိုက ပေါင်သန်း ၁၃၀ လောက်ကြေးခေါ်နေပေမယ့် တကယ်တမ်းမှာတော့ ပေါင်သန်း ၁၂၀ လောက်နဲ့ ကြေးတည့်သွားနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ ကစားသမားကောင်းတွေ နှစ်စဉ်နှစ်တိုင်း အများအပြားပေါ်ထွက်နေပေမယ့် ခုနောက်ပိုင်းမှာတော့ ပြင်သစ်သားတွေကသာ ဈေးကွက်ကို ဦးဆောင်နေတာတော့အမှန်ပဲဖြစ်ပါတယ်။

> **“ဒါဆို မက်ပီဟာ ကမ္ဘာ့ထိပ်တန်းအဆင့်မှာရှိနေတဲ့ တကယ်ကောင်းတဲ့ ကစားသမားမဖြစ်နေဘူးလား၊ ဘာတွေလိုအပ်ချက်တွေ ရှိနေသေးတာလဲ၊ သူ့အသက်အရွယ်အရ အသင်းပြောင်းရွှေ့ဖို့ စောနေသေးတာလား၊ ဒီအမေးတွေအတွက် အဖြေဟာလည်း လူပုဂ္ဂိုလ်တစ်ဦးချင်း ရှုမြင်မှုအပေါ်မူတည်ပြီး ကွဲပြားနိုင်တာကြောင့် ဓမ္မဓိဋ္ဌာန်ကျတဲ့အဖြေကိုရဖို့ ခဲယဉ်းပါတယ်။ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ပေါ့ဘာရဲ့ အပြောင်းအရွှေ့ကလည်း ယခု မက်ပီကြုံတွေ့နေရသလို တောက်လျှောက်လှုပ်ခတ်နေခဲ့ပြီးမှ မန်ယူကို ရောက်ရှိသွားတာဖြစ်ပါတယ်။ ပေါ့ဘာဆိုရင် တစ်ရာသီခွဲစာလောက် အပြောင်းအရွှေ့ဈေးကွက်မှာ ထိပ်ဆုံးကနေရှိနေပြီး ဘာစီလိုနာနဲ့ ပုဂ္ဂိုလ်ရေးသဘောတူညီချက်ရပြီးပြီ၊ ရီးယဲလ်ကို ပေါင်သန်း ၁၀၀ နဲ့ ပြောင်းတော့မယ်စသဖြင့် သတင်းတွေထွက်နေခဲ့တာပါ။ တကယ်တမ်းအပြောင်းအရွှေ့ဖြစ်လာခါနီးအချိန်ရောက်တော့ ဒီသတင်းတွေ အဖျားရှူးသွားခဲ့ပြီး တကယ်ပြောင်းမယ့် မန်ယူနဲ့ပဲ ဘယ်ရွှေ့ဘယ်မျှနဲ့ ဈေးတည့်ပြီ၊ ပေါ့ဘာက ဘာတွေတောင်းဆိုတယ်ဆိုတဲ့သတင်းတွေသာ ထွက်လာတော့တာဖြစ်ပါတယ်။ ဒါကြောင့် မက်ပီလည်းပဲ ပေါ့ဘာလိုနည်းနဲ့တွက်ရရင် ရီးယဲလ်မက်ဒရစ်၊ အာဆင်နယ်တို့ထဲက တစ်သင်းဆီကိုပဲ ရောက်ဖို့များပါတယ်။”**

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) *(Association of Southeast Asian Nations -ASEAN)* သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံနိုင်ငံ၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံနိုင်ငံများအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ် (၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



wuúodkvf[ef(pdk;OD;)

# အာဆီယံ
## နှစ်(၅၀)ခရီး

**ယခင်အပတ်မှ အဆက်**

အင်ဒိုနီးရှားတပ်ဖွဲ့ဝင်တွေဟာ အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ဒေသကနေပြီး မလေးရှားနိုင်ငံ ဆာရာဝပ်နဲ့ ဆာဘားပြည်နယ်တွေဆီကို နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း မလေးရှားဘက်ကနေ အင်အားကောင်းတဲ့ ဗြိတိသျှနေသဟာယ တပ်ဖွဲ့ဝင်တွေ ပါဝင်တိုက်ခိုက်ခဲ့ပြီး အင်ဒိုနီးရှားရဲ့ထိုးစစ်ကို တန်ပြန်ခဲ့ပါတယ်။ ဆာရာဝပ်နဲ့ ဆာဘားပြည်နယ်တွေဆီမှာ ထိုးစစ်တွေ ခရီးမရောက်တဲ့အတွက် သမ္မတ ဆူကာနိုဟာ အာရုံပြောင်းတဲ့အနေနဲ့ ၁၉၆၄ ခုနှစ်မှာ ဂျိုဟိုးနဲ့ စင်ကာပူပြည်နယ်တွေဆီကို ထပ်မံဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ မလေးရှားရဲ့ ကမ်းရိုးတန်းပြည်နယ်တွေဆီကို ဝင်ရောက်တိုက်ခိုက်မှုမှာလည်း အခြေအနေမကောင်းခဲ့တာကို တွေ့ရပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ မလေးရှားနိုင်ငံကို အပြစ်ပုံချဖို့ သံတမန်နည်းလမ်းအရလည်း ကြိုးပမ်းခဲ့ပါတယ်။ ပထမပိုင်းမှာ အင်ဒိုနီးရှားနိုင်ငံဟာ အာရှ-အာဖရိကနိုင်ငံများရဲ့ ယုံကြည်မှုကို ရရှိခဲ့ပါတယ်။ မလေးရှားနိုင်ငံကလည်း ၁၉၆၄ ခုနှစ်နဲ့ ၁၉၆၅ ခုနှစ်တွေမှာ သံတမန်နည်းအရ အထူးသံတမန်တွေအဖြစ် မလေးရှားဒုတိယဝန်ကြီးချုပ် တွန်အဒူလ်ရာဇတ်နဲ့ စင်ကာပူပြည်နယ်ဝန်ကြီးချုပ် လီကွမ်းယူတို့ကို နိုင်ငံတကာကိုစေလွှတ်ပြီး ရှင်းလင်းပြောကြားခဲ့တဲ့အတွက် အာရှ-အာဖရိကနိုင်ငံတွေရဲ့ မလေးရှားနိုင်ငံအပေါ် အသိအမှတ်ပြုမှုကို ပြန်လည်ရရှိခဲ့ပါတယ်။

၁၉၆၅ ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ သမ္မတဆူဟာတို အာဏာရလာပြီးနောက် မလေးရှားနိုင်ငံအပေါ် တိုက်ခိုက်နေမှုကို နိုင်ငံတကာက ထောက်ခံမှုမရတာရယ်၊ အဆုံးအရှုံးများပြားတာတို့ကြောင့် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ ၁၉၆၆ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့မှာ နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် *Confrontasi* လို့ လူသိများတဲ့ တိုက်ပွဲတွေဟာ အဆုံးသတ်ခဲ့ပါတယ်။ ဒီတိုက်ပွဲတွေအတွင်းမှာ မလေးရှားနဲ့ ဗြိတိသျှနေသဟာယတပ်ဖွဲ့ဝင် ၁၁၄ ဦးနဲ့ အင်ဒိုနီးရှားတပ်ဖွဲ့ဝင် ၆၀၀ အသက်ဆုံးရှုံးခဲ့ကြရပါတယ်။



tmqD;Ewnfxmif;wifDaqmif;0ifcbl xdkif;EdkifiHjcm;a&;0efBuD;a'gufwmxewfcdkrf

အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့အကြား တိုက်ပွဲတွေပြီးဆုံးသွားပြီးနောက်ပိုင်း အရှေ့တောင်အာရှဒေသအတွင်းမှာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းသစ်တွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ထိုစဉ်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဒေါက်တာထနတ်ခိုမန် *(Dr. Thanat Khoman)* ဟာ အရှေ့တောင်အာရှနိုင်ငံများအကြား တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပိုမိုသိနားလည်မှုရှိလာစေဖို့၊ ဒေသရဲ့ ဘုံအကျိုးစီးပွားအတွက် အတူလက်တွဲဆောင်ရွက်ကြဖို့နဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ဖို့အတွက် ဒေသဆိုင်ရာအဖွဲ့ကြီးတစ်ခု တည်ထောင်သွားဖို့ စတင်အဆိုပြုခဲ့ပါတယ်။ စတင်အဆိုပြုစဉ်ကတော့ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံနဲ့ ဖိလစ်ပိုင် လေးနိုင်ငံအကြား စတင်ဆောင်ရွက်ဖို့ စိတ်ကူးခဲ့တာဖြစ်ပါတယ်။ သို့သော် မလေးရှားနိုင်ငံကနေ ၁၉၆၅ ခုနှစ်မှာ ခွဲထွက်ခဲ့ပြီး သီးခြားလွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာတဲ့ စင်ကာပူဟာ သူ့ရဲ့ နိုင်ငံခြားရေးဝန်ကြီး အက်စ်ရာဂျာနက်သန် *(Mr. S. Rajanathan)* ကို ဗန်ကောက်မြို့ကိုစေလွှတ်ခဲ့ပြီး စင်ကာပူနိုင်ငံကိုလည်း ထည့်သွင်းဖွဲ့စည်းဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ ဒီမေတ္တာရပ်ခံချက်အပေါ် ကျန်လေးနိုင်ငံစလုံးက သဘောတူခဲ့တဲ့အတွက် ၅-နိုင်ငံနဲ့ စတင်တည်ထောင်ခဲ့ပါတယ်။

ဒီ ငါးနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးများဟာ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့နဲ့ ပင်လယ်ကမ်းခြေမြို့ဖြစ်တဲ့ ဘန်ဆန်းမြို့မှာ ၁၉၆၇ ခုနှစ် ဩဂုတ်လအတွင်း တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံမှုကနေ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) *(Association of Southeast Asian Nations-ASEAN)* ကို တည်ထောင်သွားဖို့ သဘောတူညီခဲ့ကြပါတယ်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ထုတ်ပြန်တဲ့ ဗန်ကောက်ကြေညာချက်မှာ အာဆီယံကို စတင်တည်ထောင်ခဲ့ကြတဲ့ အဖွဲ့ဝင် ငါးနိုင်ငံဟာ အာဆီယံရဲ့ ပထမဆုံးရည်မှန်းချက်အဖြစ် "အဖွဲ့ဝင်နိုင်ငံများရဲ့ စုပေါင်းအားထုတ်ကြိုးပမ်းမှုနဲ့ ဒေသတွင်းမှာ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအရ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်သွားရန်၊ ဒေသတွင်းရှိ နိုင်ငံများအကြား ဆက်ဆံရာမှာ တရားမျှတရေးနဲ့ တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို မြှင့်တင်ရန်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူများကို လိုက်နာကျင့်သုံးသွားရန်" လို့ ဖော်ပြခဲ့ကြပါတယ်။

အဲဒီအချိန်တုန်းက အရှေ့တောင်အာရှဒေသနိုင်ငံတွေအကြောင်း လေ့လာသုတေသနပြုနေကြသူတွေကတော့ ဖွဲ့စည်းလိုက်တဲ့ အာဆီယံအပေါ် မျှော်လင့်ချက်များစွာထားခဲ့ကြပါတယ်။ စတင်ဖွဲ့စည်းကာစအချိန်တုန်းက အာဆီယံဟာ အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံးတောင် မရှိသေးပါဘူး။ ၂၀၁၆ ခုနှစ် မတ်လ ၃ ရက်နေ့က အသက် (၁၀၂) နှစ်အရွယ်မှာ ကွယ်လွန်ခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်း ထနတ်ခိုမန်အပါအဝင် အာဆီယံကို စတင်တည်ထောင်ခဲ့ကြသူတွေဟာ ဒီကနေ့အချိန်မှာ အာဆီယံဆက်လက်ရှင်သန်နေရုံသာမက အရေးပါတဲ့ အနေအထားတစ်ရပ် ရောက်ရှိနေတာကို တွေ့မြင်ခဲ့ရင် အလွန်ဝမ်းမြောက်အံ့အားသင့်ကြမှာ မလွဲဖြစ်ပါတယ်။



ta&Shawmif;tm&Sm;toif;pwiftzGJUuf twufzUlf;EdkifiHjcm;a&;0efBuD;rsm; 1967 ckESpfwGifAef aumufuGnfnmcsuftm;vufrSwf&;xdk;pOf

အရှေ့တောင်အာရှဒေသကနေ ကိုလိုနီနယ်ချဲ့အင်အားကြီးနိုင်ငံတွေ ပြန်လည်ဆုတ်ခွာကြတဲ့အချိန် ဒေသတွင်းမှာ အင်အားလေဟာနယ်တစ်ရပ် *(Power Vacuum)* ဖြစ်ပေါ်လာခဲ့တဲ့အခြေအနေဟာ ပြင်ပနိုင်ငံတွေကို နိုင်ငံရေးအကျိုးအမြတ်အတွက် ဝင်ရောက်လာစေဖို့ ဆွဲဆောင်မှုဖြစ်စေခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ကိုလိုနီနယ်ချဲ့အင်အားကြီးနိုင်ငံတွေဟာ ဒေသတွင်းနိုင်ငံတွေကို ပြင်ပနိုင်ငံတွေနဲ့ မည်သည့်ထိတွေ့ဆက်ဆံမှုမျိုးကိုမှ မနှစ်မြို့တဲ့အတွက် ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံတွေအကြား ပူးတွဲကြိုးပမ်းအားထုတ်ကြဖို့ အယူအဆတွေ ဖြစ်လာစေခဲ့ပါတယ်။

ဒီရည်မှန်းချက်နဲ့ပတ်သက်ပြီး အာဆီယတည်ထောင်ဖို့ စတင်ဆောင်ရွက်ခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ထနတ်ခိုမန်ဟာ အရှေ့တောင်အာရှလေ့လာရေးသိပ္ပံကနေ ၁၉၉၂ ခုနှစ်မှာ ထုတ်ဝေတဲ့ *The ASEAN Reader* စာအုပ်ရဲ့ အမှာစာမှာ အာဆီယံကို တည်ထောင်ဖို့ ဘာကြောင့်လိုအပ်ခဲ့တယ်ဆိုတာကို အခုလိုဖော်ပြခဲ့ပါတယ်။



1965 ckESpfrS 1973 ckESpftxd zpf;cbnf;D ueffr[pfwiftm;ajymif;efwpfbef;jyo&ef;aumuf toufqHk;cHonf

**(၈) ဗီယက်နမ်စစ်ပွဲ**

အာဆီယံကို စတင်မွေးဖွားလာတဲ့အချိန်မှာ ဗီယက်နမ်နိုင်ငံမှာ စစ်ပွဲတွေဟာ အရှိန်မြင့်မားနေဆဲဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင် နှစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ဟာ မြောက်ဗီယက်နမ်နိုင်ငံနဲ့ ဗီယက်ကောင်းတွေအပေါ် တိုက်ခိုက်နေကြတဲ့ အမေရိကန်နိုင်ငံနဲ့ တောင်ဗီယက်နမ်နိုင်ငံအပေါ် တပ်ဖွဲ့ဝင်တွေစေလွှတ်ပြီး တက်တက်ကြွကြွထောက်ခံ အားပေးခဲ့ကြသလို သူတို့ရဲ့ ရေပြင်နဲ့ဝေဟင်ပိုင်နက်တွေ၊ ဆိပ်ကမ်းတွေ၊ လေတပ်စခန်းတွေ ကိုလည်း အမေရိကန်ရဲ့ စစ်ရေယာဉ်နဲ့ လေယာဉ်တွေ အသုံးပြုခွင့် ပေးခဲ့ကြပါတယ်။ ဒီအခြေအနေကြောင့် ဖိလစ်ပိုင်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာ တရုတ်နိုင်ငံရဲ့ အားပေးထောက်ခံမှုနဲ့ ကွန်မြူနစ် သောင်းကျန်းမှုတွေဟာ အရှိန်မြင့်မားလာခဲ့ပါတယ်။ အာဆီယံအသင်းကြီးဟာ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံကို ကန့်သတ်ထိန်းချုပ်နိုင်ဖို့ ဖွဲ့စည်းခဲ့တဲ့ ရှေ့တန်းအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း တောင်ဗီယက်နမ်နိုင်ငံနဲ့ ဗီယက်ကောင်းတွေကို ထောက်ခံအားပေးနေတဲ့ တရုတ်နိုင်ငံက စွပ်စွဲခဲ့ပါတယ်။

ဗီယက်နမ်စစ်ပွဲဟာ အရှေ့တောင်အာရှဒေသမှာ ကွန်မြူနစ်ဝါဒပြန့်ပွားလာမှုကို တားဆီးဖို့ အမေရိကန်ပြည်ထောင်စုရဲ့ ကြိုးပမ်းအားထုတ်မှုကနေ ထွက်ပေါ်လာတဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ



jz;rdU, ftrGf(1)rqEé , fwkda'o"uDWwfwu kdpm;vS ffDoufef onf2eb3 &ufeHuyfdu rdU, fnyfib m , ma&; tzUrlaqmift &m&S 'kwd neTu m;a&;rS0Dat mitfESvufxmuft rlaqmift if ifeD, m a'wifX;0ifwkEhwl;zL; t x u(c)au mift wifa&0ifu&mufLt ajc taeukdunfppfaq;yDxefukd&yfuuftjc yf&;rSEfyfdyfzr m; tm;awGUqHumifoda onf (al u;r)kd

**မြစ်ကြီးနား ဇွန် ၂၆**

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ အကြိမ် (၃၀) မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားကာ အကြိမ် (၃၀)မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့်ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခါတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ၌ ဆုရရှိကြသူများ၊ တစ်နှစ်အတွက် မူးယစ်ဆေးဝါးအများဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ၌ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဗဟိုမှ ပေးပို့သည့် မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဗီဒီယို မှတ်တမ်းခွေအား ဖွင့်လှစ်ပြသခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက အကြိမ် (၃၀)မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲအား ကျင်းပရာ ပြည်နယ် ဥပဒေချုပ်ရုံး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် မြစ်ကြီးနားမြို့နယ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ကာ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဆုရ ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၁၅၆၄ မှုမှ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူ ၂၁၄၀ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဘိန်းဖြူအလေးချိန် ၂၆ ဒသမ ၃၃၉ ကီလိုဂရမ်၊ ဘိန်းမဲအလေးချိန် ၁၀၈ ဒသမ ၃၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၁၄၅၀၊ ဘိန်းဆီခဲ ၅ ဒသမ ၅၃၅ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁ ဒသမ ၄၅၈ ကီလိုဂရမ်၊ ဘိန်းရည် ၂၁၈၅ လီတာ၊ ဘိန်းဖြူအရည် ၂၀ စီစီ၊ ဘိန်းချေး ၃ ဒသမ ၁ ဂရမ်၊ စိတ်ကြွဆေးပြားအကြေ ၇ ဒသမ ၄ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ရက်အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၆၇၀ မှုရှိပြီး မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူ ၈၈၀ ဖမ်းဆီးရမိကာ ဘိန်းဖြူ ၈ ဒသမ ၉၄၇ ကီလိုဂရမ်၊ ဘိန်းမဲ ၉ ဒသမ ၅၈၇ ကီလိုဂရမ်၊ စိတ်ကြွ ဆေးပြား ၄၀၂၁၉၄ ပြား၊ ဘိန်းဆီခဲ ၁ ဒသမ ၆၃၆ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း သုည ဒသမ ၉၁၀ ကီလိုဂရမ်၊ ဘိန်းရည် ၆၅၀ လီတာတို့အား သိမ်းဆည်းရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ မှတ်တမ်းများအရ သိရသည်။

**ဦးလေးကြီး**

## ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)ကကြီးမှူး၍စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို ဇွန် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပမည်ဖြစ်သည်။ ပါမောက္ခရဲမြက Professional Ethics ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ မာမာကြည်က TB situation in Myanmar: How to fight against TB ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခမိုးမိုးတင်က Do and Don't in Surgery ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဝင်းဇော်က Common Dermatology Problems for GPs ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မူးယစ်ဆေးဝါးအန္တရာယ်သည်ပြည်သူ့ကျန်းမာရေးနှင့်လုံခြုံရေးကဏ္ဍများတွင် အဓိကခြိမ်းခြောက်နေသောစိန်ခေါ်မှုတစ်ရပ်ဖြစ်




**မုံရွာ ဇွန် ၂၆**

မူးယစ်ဆေးဝါးအန္တရာယ်သည် ပြည်သူ့ ကျန်းမာရေးနှင့်လုံခြုံရေး ကဏ္ဍများတွင် အဓိကခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အပြင် လူသားအားလုံးကိုအန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင် ကပြောကြားသည်။

မုံရွာမြို့ မြသလ္လာခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှလှသန်းက သဝဏ်လွှာကို ဖတ်ကြားသည်။

"မူးယစ်ဆေးဝါးအန္တရာယ်ဟာ ပြည်သူ့ကျန်းမာရေးနဲ့လုံခြုံရေးကဏ္ဍများမှာ အဓိကခြိမ်းခြောက်နေတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်တဲ့အပြင် လူသားအားလုံးကို အန္တရာယ်ပြုခြိမ်းခြောက်နေတဲ့အတွက် မူးယစ်ဗဟိုအဖွဲ့ဝင်တွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းအားနဲ့ ဝိုင်းဝန်းတိုက်ဖျက်သွားဖို့လိုပါတယ်"ဟု ဗိုလ်မှူးကြီး ကျော်သန့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရာတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမှုပေါင်း ၁၂၇၁ မှုဖမ်းဆီးနိုင်ခဲ့ပြီး တရားခံပေါင်း ၂၁၂၅ ဦးအား တရားစွဲတင်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မေလအထိ အမှုပေါင်း ၄၅၅ မှု ဖမ်းဆီးခဲ့ပြီး တရားခံပေါင်း ၇၁၂ ဦး အားတရားစွဲတင်နိုင်ခဲ့ကြောင်းသိရသည်။ အမှုအမျိုးအစားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် မေလအထိ ဘိန်းဖြူအလေးချိန် ၁၅ ဒသမ ဝ၆ ကီလို၊ ဘိန်းမဲအလေးချိန် ၁၀၀ ဒသမ ၉၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၂၂၄ ဒသမ၅ ပြား၊ ဆူဒိုအက်ဖီဒရင်း အမှုန့် ၆၁ဒသမ၅ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၆၀၀၀၊ အက်ဖီဒရင်း ၁၀ ဒသမ သုည ကီလို၊ အဝတ်ဘိန်းအလေးချိန် ၃ ဒသမ ၉၃ကီလို၊ ခပ်ပုံ အလေးချိန် သုည ဒသမ ဝ၅ ကီလို၊ Tramadol ဆေးတောင့် လေးတောင့်၊ Bupernorphine ဆေးပြား ၁၉၃ ပြား၊ အပရာဇိုလမ် ၄၉၅၀၀ ပြား၊ Pratical Tablet အပြား ၆၀၀၀၊ ကဖင်းအမှုန့် ၅၁ ဒသမ ၄၈ ကီလို၊ ဘိန်းရည် သုည ဒသမ ၈၅ ကီလိုတို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အနေနဲ့ ၂၀၁၃ ခုနှစ် ဩဂုတ်လ၁ရက်နေ့မှာ တိုင်းဒေသကြီးအဆင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကို ဖွဲ့စည်းခဲ့ပြီး ခရိုင်အဆင့်အနေဖြင့် စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ တမူးခရိုင်၊ကလေးခရိုင်၊ ခန္တီးခရိုင်တို့နဲ့ မြို့နယ်အဆင့်အနေဖြင့် စစ်ကိုင်း၊ မြင်းမူ၊ မြောင်ကလေး၊ ကလေးဝ၊ မင်းကင်း၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့နယ်တို့မှာလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကျေးရွာအသင်းခွဲ ၂၉ သင်းနဲ့အသင်းဝင်ပေါင်း ၃၈၉၄ ဦးရှိပြီဖြစ်ပါတယ်" ဟု ဗိုလ်မှူးကြီးကျော်သန့်နိုင်ကပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးမှုများဆောင်ရွက်

**ကျောက်တန်း ဇွန် ၂၆**

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း မှုခင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏စီစဉ်ညွှန်ကြားမှုဖြင့် မှုခင်းပညာပေးယာဉ် လှည့်လည်ပြသမှုများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ ကျောက်တန်း - သန်လျင်လမ်းစုံ (အောင်သပြေခြံဝ ကားမှတ်တိုင်)၌လည်းကောင်း အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) မြိုင်သာယာကျောင်း ရှေ့၌ လာရောက်ဟောပြောပြသခဲ့ကြောင်းသိရသည်။

အဆိုပါပြခန်းယာဉ်ပေါ်တွင် တပ်ဖွဲ့စု(၆) လူကုန်/တားအဖွဲ့မှ ရဲအုပ်သိန်းငွေနှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၄၁)မှ ဒုတပ်ကြပ်ဇင်မင်းထိုက်၊ ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုရဲမှူးကျော်ဆွေ၊ ရဲအုပ်ဇော်နိုင်လင်း၊ သီလဝါနယ်မြေရဲစခန်းမှ ရဲအုပ်သန်းဇော်မြ၊ ကျောက်တန်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၅၄)မှ ဒုရဲမှူး စိန်ဝင်းဦးဆောင်သည့်ရဲတပ်ဖွဲ့ဝင်များက ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာလမ်းဆုံ၌ ပြည်သူများ၊ ကယ်ရီသမားများအား မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကဏ္ဍအလိုက်ရှင်းလင်းပြသခဲ့ကာ စုစုပေါင်း ၁၅၀ ခန့် လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ထိုမှတစ်ဆင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မြိုင်သာယာကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုကဏ္ဍအလိုက်ရှင်းလင်း ပြသခဲ့ကာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၆၈၉)**

## လူထုဗဟိုပြုစီမံကိန်း (CDD)မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သာပေါင်းမြို့နယ်၌ဆောင်ရွက်

**သာပေါင်း ဇွန် ၂၅**

မြို့ပြနှင့် ကျေးလက်ကွာဟမှုလျော့နည်းစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Development - CDD)၏ စီမံကိန်းလုပ်ငန်းခွဲတစ်ခုဖြစ်သည့် သရက်ကုန်းအုပ်စု ဆိပ်ကြီးကျေးရွာနှင့် အခြားကျေးရွာတို့အား ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းကို အရှည် ၂၃၅၅ ပေ၊ လမ်းအကျယ် ၁၁ ပေ ၆ လက်မနှင့် လမ်းအမြင့် တစ်ပေ ရှိသည့် ကွန်ကရစ်ပေါင်စီ မြေသားလမ်း အမျိုးအစား ဆောင်ရွက်ခဲ့ရာ စီမံကိန်းမှ ထောက်ပံ့ငွေကျပ်သိန်း ၇၀ ကျော်ဖြင့် ဇွန်လဆန်းတွင် ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ ကြောင်း သိရသည်။

အဆိုပါ လမ်း ပြန်လည်ပြုပြင်ခြင်းကြောင့် သရက်ကုန်းကျေးရွာအုပ်စုရှိ လူဦးရေ ၃၀၀၀ ကျော် နှင့် အခြားကျေးရွာ ၁၅ ရွာရှိ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် လမ်းဖြစ်ကြောင်းသိရသည်။

**မြတ်သူရိန်**

# "သမိုင်းအစဉ်အဆက် ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်ခေတ်အသွင်" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေပွဲကျင်းပမည်


အနုပညာရှင်များ ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေစဉ်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီစဉ်တင်ဆက်သည့် "သမိုင်းအစဉ်အဆက် ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်ခေတ်အသွင်" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် "ယှဉ်ပြိုင်တေးစကား လေဒီစတား" ဖျော်ဖြေပွဲကြီးကို ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်သွားမည်ဖြစ်သည်။**

**ဖျော်ဖြေပွဲတွင် ပါဝင်တင်ဆက်သွားမည့် အစီအစဉ်များကို ဒေါ်မြတ်မြတ်ဦး၊ ဂွန်လွင်(Star Event Production)နှင့် ဦးမေတ္တာ၊ အကယ်ဒမီ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၊ ဒေါ်ခင်လှမြင့်(ခင်မေခ)နှင့် အနုပညာရှင်များစွာတို့က ပူးပေါင်းကာ ပုံဖော်တင်ဆက်ဖျော်ဖြေသွားမည်ဟု သိရသည်။**

"သမိုင်းအစဉ်အဆက် ဝတ်စားဆင်ယင်မှုတွေကို ခေတ်တွေဘယ်လိုပြောင်းပြောင်း ရိုးရာမပျက် ယဉ်ကျေးမှုကိုထိန်းသိမ်းသင့်တဲ့အကြောင်းကို ယနေ့ခေတ်လူငယ်တွေ သိပြီး အစဉ်အဆက်မပျက် ယဉ်ကျေးမှုကိုထိန်းသိမ်းစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ခဲ့တာ အခုဆို (၁၄)ကြိမ်ရှိသွားပါပြီ"ဟု မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးက ပြောသည်။

ဆက်လက်၍ ၎င်းက "အညီအဟောက် ပြက်လုံးတွေ၊ အောက်လုံးတွေ အတတ်နိုင်ဆုံးမပါရအောင် စဉ်းစားပြီး လုပ်ထားပါတယ်။ ကျွန်မနဲ့ အစ်မကြီး ဒေါ်ခင်လှမြင့်နဲ့က အမျိုးသမီးရေးရာ ဘောင်ထဲကနေ တင်ဆက်ရတာဖြစ်တဲ့အတွက် ဘယ်သူ့ဘယ်သူမှ ထိခိုက်နစ်နာမှုမရှိဘဲ ပျော်ရွှင်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ဆက်ပေးထားတာပါ"ဟု ပြောသည်။

စာရေးဆရာမ ခင်ဦး(ခင်မေခ)က "အခုရေပန်းစားနေတဲ့ မြန်မာ IDOL ပေါ့ ဒါလေးကိုကျောရိုးယူပြီး အပြုသဘောဟာသလေးနဲ့ ထောက်ပြတာလေးတွေပါမယ်။ နောက်တစ်ခါ ကျရာတေးသွားကဟန်ခြားအစီအစဉ်မှာဆိုလာကြည့်တဲ့ပရိသတ်တွေအတွက် အသစ်အဆန်းလေးဖြစ်စေမယ့် တရုတ်တေးသွားကို မြန်မာလို ဘယ်လိုကလဲ၊ အိန္ဒိယတေးသွားကို တရုတ်လို ဘယ်လိုကလဲ ဒါမျိုးလေးတွေပါတယ်။ သံချပ်လည်းပါတယ်။ လာကြည့်တဲ့ပရိသတ်ကို ရယ်ရွှင်ဖွယ်ဖြစ်အောင်လုပ်ထားပါတယ်" ဟု ပြောသည်။

"ဒီမှာပါဝင်တဲ့ သီချင်းတွေ၊ စာသားတွေက အားလုံးအပြုသဘောပါပဲ။ ဘဘ ဦးသုခရဲ့ တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်တဲ့ အဲ့ဒီစာသားလေးက ချစ်စရာကောင်းတယ်။ အဲ့ဒါလေး မှတ်ပြီး ကျွန်တော်က အပြုသဘောလေးရေးပေးတာပါခင်ဗျာ။ ဒီမှာ လူကုန်ကူးမှုအကြောင်းတွေပါမယ်။ မိန်းကလေးတွေကို ငွေမမက်ဖို့၊ လူကုန်ကူးတယ်ဆိုတဲ့ သူတွေလည်း နှမသားချင်းကိုယ်ချင်းစာနာဖို့၊ သက်ငယ်မုဒိန်းမှုကိစ္စ၊ နောက်တစ်ခု မဖွံ့ဖြိုးသေးတဲ့ဒေသမှာရှိတဲ့ ကလေးတွေကို လူကုန်ကူးတာတွေ မလုပ်သင့်ဘူးဆိုတာလေးတွေ အဓိကပြောထားတာလေးတွေ ပါပါတယ်"ဟု ပါဝင်ဆောင်ရွက်နေသူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးမေတ္တာက ပြောသည်။



အမျိုးသမီးလေးများနှင့်အပြိုင် အမျိုးသားများက အလှဖန်တီးရှင် ဒီဇိုင်နာများ အသွင်သရုပ်ဆောင်ထားသည့် ပရိသတ်များ အကြိုက်တွေ့စေမည့်အမျိုးသမီးဆွဲဆောင်ရှင်များနဲ့ လေဒီကလုံးကဏ္ဍတွင် အကဲဖြတ်ဒိုင်အဖြစ်ပါဝင်ထားသည့် ဝါရင့်ရုပ်ရှင်သရုပ်ဆောင် ဦးမင်းဦးက "ဒီမြူးဇစ်ပြဇာတ်မှာ သီချင်းဆိုပြိုင်ကြတာ။ အဆိုတော်တွေရော၊ သရုပ်ဆောင်တွေရော သူတို့ပြိုင်ကြတာ ကျွန်တော်ရယ်၊ ကိုရဲအောင်ရယ်၊ မစိုးမြတ်သူဇာရယ်က ဒိုင်သုံးယောက်လုပ်ရတယ်။ ပြိုင်တဲ့ သီချင်းတွေထဲမှာ သက်ငယ်မုဒိမ်းမှုတို့၊ လူကုန်ကူးမှုတို့ အဲ့ဒါမျိုးတွေ စာသားတွေ ထည့်ပြီးပြိုင်ကြမယ်။ ကိုယ်တွေက ဟာသနည်းတယ်။ ပြိုင်တဲ့သူတွေက ဟာသတွေလုပ်ကြမှာ" ဟု ပြောသည်။



တေးသံရှင် အဆိုတော် မနွေးနွေးချစ်ဖွယ်ကလည်း "အမျိုးသမီးရေးရာက လုပ်တဲ့ပွဲမှာပါတာ နှစ်ကြိမ်ရှိပါပြီ။ အခုဖေ့စ်ဘွတ်မှာ ခေတ်စားနေတဲ့ အကြောင်းအရာတွေ ပါမယ်။ ဦးရွှေရိုးအကပါမယ်၊ အဓိကက သီချင်းဆိုမယ်၊ အပြန်အလှန် သံချပ်တိုင်မယ်၊ လာကြည့်တဲ့ ပရိသတ်တွေ တစ်နေ့တာ ပင်ပန်းသမျှအပန်းပြေသွားမှာ သေချာပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြုလုပ်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်သည့် ရုပ်ရှင်သရုပ်ဆောင် မအေးမြတ်သူက "ဒီဘက်ခေတ် လူငယ်တွေအကြိုက် အဆိုတော်တွေတော်တော်များများပါလာတယ်။ အဝတ်အစားဒီဇိုင်းလေးတွေ စိတ်ဝင်စားတဲ့သူတွေလည်း လာကြည့်လို့ရတယ်။ အေးမြတ်သူတို့ သီချင်းဆိုပြိုင်ပွဲကဏ္ဍကလည်း ပရိသတ်ကို အမောပြေစေမှာပါ။ အခုနောက်ပိုင်း တော်တော်များများ မြန်မာ့ရိုးရာချည်ထည်လေးတွေ အရင်ကထက် ဝတ်တာတွေ့ရလို့ ဝမ်းသာပါတယ်။ အေးမြတ်သူလည်း အလုပ်အချိန်ကလွဲရင် ကျန်တဲ့အချိန်ဆို မြန်မာဝတ်စုံပဲ မြတ်မြတ်နိုးနိုးဝတ်ဆင်တာပါ"ဟု ပြောသည်။

သရုပ်ဆောင် ဂျင်းနီက "ဒီနှစ်က ခါတိုင်းနဲ့တော့မတူတဲ့ ပုံစံလေးတွေပါတယ်။ အကုန်လုံးလက်တွဲပြီး ပျော်ပျော်ပါးပါးလုပ်ကြတာပါ။ အားလုံးညီမှ အကောင်းဆုံး ဖန်တီးနိုင်မယ်ဆိုတော့ လေကျေအောင်လေ့ကျင့်နေကြတာ။ ဒီနှစ်လည်း အမျိုးသမီးလေးတွေ ဘယ်လိုနေထိုင်သင့်တယ်။ ဘယ်လိုတွေကို ရှောင်ရမယ်။ စတာတွေကို စကားနဲ့တစ်မျိုး၊ ဟာသနဲ့တစ်ဖုံ တင်ဆက်သရုပ်ဖော်သွားမှာ။ တစ်နှစ်တစ်ခါလုပ်တဲ့ ဒီပွဲလေးက ပရိသတ်ရင်ထဲတော့ အနည်းနဲ့အများရောက်မှာပါ"ဟု သရုပ်ဆောင် ဂျင်းနီက ပြောသည်။

လူကြီး၊ လူငယ်အရွယ်စုံ ပရိသတ်များအတွက်ရည်ရွယ်ပြီး တင်ဆက်ကပြခြင်းဖြစ်သည့်အတွက် ရသစုံပေးနိုင်ရန် ပထမပိုင်းနှင့် ဒုတိယပိုင်း နှစ်ပိုင်းခွဲကာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဖျော်ဖြေရာတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်မှ နိုင်ငံကျော်အနုပညာရှင်များ၊ မော်ဒယ်များကလည်း အားဖြည့်ပါဝင်ကူညီပေးထားကြောင်း သိရသည်။

မကြာမီ အမျိုးသားဇာတ်ရုံကြီးတွင် တင်ဆက်ဖျော်ဖြေမည့် အဆိုပါ "သမိုင်းအစဉ်အဆက် ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်ခေတ်အသွင်" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ "ယှဉ်ပြိုင်တေးစကားလေဒီစတား" တစ်ခန်းရပ်ဟာသပြဇာတ်၊ "ရုပ်ရှင်နှင့်ဂီတ နှစ်ဖက်လှအစီအစဉ်" စသည်တို့ ပါဝင်မည်ဖြစ်ပြီး ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့် ဖက်ရှင်ရှိုးများ၊ သီဆို၊ ဖျော်ဖြေတင်ဆင်မှုများ၊ လှပဆန်းပြားသည့် LED အပြင်အဆင်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထင်ဟပ်ပေါ်လွင်စေမည့် သရုပ်ဖော်ပြကွက်များ၊ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်သည်။

**(သီသီမင်း၊ ဓာတ်ပုံ-ဖြိုး)**



## ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဟယ်ရီစတိုင်

ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ လတ်တလောမှာ ချစ်သူနဲ့လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟယ်ရီစတိုင်ဟာ လတ်တလောမှာတော့ တစ်ကိုယ်တော်သမားတစ်ဦးဘဝ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ သူနဲ့ ဇာတ်လမ်းတွေဖြစ်ခဲ့ပေမယ့် ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတဲ့ တက်စ်ဝက်ဒ်နဲ့ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် တစ်လခန့်လက်တွဲလာခဲ့ပြီးနောက် လမ်းခွဲခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာ အသက်(၂၇)နှစ်ရှိပြီဖြစ်တဲ့ စားဖိုမှူးတစ်ဦးဖြစ်သူ တက်စ်ဝက်ဒ်ဟာ သူ့ရဲ့ချစ်သူဟောင်းအပေါ်မှာ သံယောဇဉ်မကုန်သေးကြောင်း သိခဲ့ရတဲ့အတွက် ဟယ်ရီစတိုင်နဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ပေါ့ပ်ကြယ်ပွင့်နဲ့ ဇာတ်လမ်းတွေစခဲ့မိတဲ့အတွက်လည်း ချစ်သူဟောင်းကို ပြန်လည်တောင်းပန်ခဲ့ပြီး ဟယ်ရီစတိုင်နဲ့ လမ်းခွဲပြီးတဲ့နောက် နာမည်ကျော်မဟုတ်တဲ့ သာမန်လူတစ်ဦးရဲ့ဘဝမျိုးနဲ့သာ အစားအသောက်တွေကိုပြင်ဆင်ရင်း နေထိုင်သွားလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။ **(အေးပြည့်)**

**စာမျက်နှာ ၁၅ မှ**

၁၉၅၄ ခုနှစ်မှာ ပြင်သစ် လက်အောက်ကနေ လွတ်လပ်ရေးရရှိလာတဲ့ ဗီယက်နမ်နိုင်ငံမှာ ကွန်မြူနစ်ဝါဒကို ကျင့်သုံးတဲ့ မြောက်ဗီယက်နမ်နဲ့ ကွန်မြူနစ်မဟုတ်တဲ့ တောင်ဗီယက်နမ်ဆိုပြီး ၂-ပိုင်းကွဲခဲ့ ပါတယ်။ တောင်ဗီယက်နမ်နိုင်ငံမှာရှိတဲ့ ကွန်မြူနစ်တွေကို ဗီယက်ကောင်း (Vietcong) တွေလို့ခေါ်ပြီး ဗီယက်ကောင်းတွေဟာ တောင်ဗီယက်နမ်အစိုးရကို ဖြုတ်ချဖို့ ကြိုးပမ်းရာမှာ မြောက်ဗီယက်နမ်နိုင်ငံက အားပေးကူညီခဲ့ပါတယ်။

တောင်ဗီယက်နမ်အစိုးရက ဗီယက်ကောင်းတွေကို နှိမ်နင်းရာမှာ အထောက်အကူပြုနိုင်ဖို့ အမေရိကန်အစိုးရဟာ စစ်ရေးအကြံပေးပုဂ္ဂိုလ်တွေနဲ့ ထောက်ပံ့ရေးပစ္စည်းတွေ ပေးအပ်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာတော့ အမေရိကန်အစိုးရဟာ သူ့ရဲ့တပ်ဖွဲ့တွေကို တောင်ဗီယက်နမ်နိုင်ငံကို စတင်စေလွှတ်ခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့တွေဟာ နည်းပညာသာလွန်ကောင်းမွန်တဲ့ လက်နက်တွေ၊ ရဟတ်ယာဉ်တွေ၊ ဗုံးကြဲလေယာဉ်တွေ အသုံးပြုတိုက်ခိုက်ခဲ့ကြပြီး ဗီယက်ကောင်းတပ်ဖွဲ့တွေကတော့ တောတွင်းမှာ ပုန်းအောင်းပြီး အုပ်စုလိုက် ပြောက်ကျားစစ်နဲ့ တိုက်ခိုက်ခဲ့ကြပါတယ်။

အမေရိကန်အစိုးရဟာ ဗီယက်နမ်စစ်ပွဲအတွက် ငွေကြေးဒေါ်လာသန်းပေါင်းများစွာ သုံးစွဲခဲ့ပေမယ့် အကျအဆုံးများပြားခဲ့ပါတယ်။ ငွေကြေးအကုန်အကျ များပြားပြီး စစ်သည်တွေ အကျအဆုံးများပြားတဲ့ ဗီယက်နမ်စစ်ပွဲမှာ ပါဝင်တိုက်ခိုက်မှုအတွက် အမေရိကန်ပြည်သူတွေဟာ စစ်ကိုဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့ကြပါတယ်။

၁၉၆၉ ခုနှစ်မှာ ရစ်ချတ်နစ်ဆင် အမေရိကန်သမ္မတဖြစ်လာပြီးနောက် ဗီယက်နမ်စစ်ပွဲမှာ ပါဝင်တိုက်ခိုက်မှုကနေ အမေ ရိကန်တပ်ဖွဲ့တွေကို စတင်ရုပ်သိမ်းခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်မှာ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်နဲ့ အမေရိကန်တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့တွေ အားလုံး ဗီယက်နမ်နိုင်ငံက ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ ဒီစစ်ပွဲမှာ အမေရိကန်စစ်သည်ပေါင်း ၅၈၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရပါတယ်။

၁၉၇၃ ခုနှစ်မှာ ဗီယက်နမ်စစ်ပွဲပြီးဆုံးခဲ့ပြီး ကွန်မြူနစ်မြောက်ဗီယက်နမ်နိုင်ငံက အနိုင်ရရှိခဲ့သလို ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေမှာလည်း ကွန်မြူနစ်တွေအနိုင်ရရှိလာချိန်မှာ အရှေ့တောင်အာရှဒေသဟာ ကွန်မြူနစ်ဝါဒပြန့်ပွားလာမှုအန္တရာယ် ကြုံတွေ့လာရပြီဆိုပြီး အာဆီယံအသင်းဝင်နိုင်ငံတွေအကြား ပိုမိုကြိုးပမ်းအားထုတ်သွားဖို့စေ့ဆော်မှုတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ လမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံ အကြီးအကဲတွေရဲ့ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းမှာ ၂ - ရက်တာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးကနေ အာဆီယံရဲ့ ထင်ရှားတဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity and Cooperation-TAC) ကို သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီစာချုပ်ဟာ ဒေသတွင်းရှိ နိုင်ငံများအကြား ဆက်ဆံရေးအတွက် အဓိကကျတဲ့ မူဝါဒတွေကို ချမှတ်ပေးခဲ့ပါတယ်။

TAC စာချုပ်ဟာ သူ့ရဲ့ဝင်ရောက် မစွက်ဖက်ရေးမူကြောင့် လူသိများပေမယ့် စာချုပ်မှာ ငြိမ်းချမ်းရေးကို အခြေပြုတဲ့ မူဝါဒတွေလည်း အများအပြားပါဝင်နေပါတယ်။ အထူးသဖြင့် နိုင်ငံတိုင်းရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ဆိုင်ရေး၊ တန်းတူညီမျှရေး၊ နယ်မြေ တည်တံ့ခိုင်မြဲရေးနဲ့ အမျိုးသားရေးလက္ခဏာများကို အပြန်အလှန် လေးစားရေး၊ အဖွဲ့ဝင်နိုင်ငံတိုင်းရဲ့ အမျိုးသားရေး တည်ရှိမှုအပေါ် ပြင်ပမှဝင်ရောက်စွက်ဖက်မှု၊ ဖျက်ဆီးမှုနှင့် ဖိအားပေးမှုများမှ ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို လေးစားရေး၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေး၊ အင်အားသုံးစွဲခြင်း၊ အင်အားအသုံးပြုရန် ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရေး၊ နိုင်ငံအချင်းချင်းအကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးတို့ဖြစ်ပါတယ်။

TAC စာချုပ်ဟာ အခုဆိုရင် အာဆီယံအဖွဲ့ဝင် ၁၀-နိုင်ငံစလုံးရဲ့ ထောက်ခံမှုကိုသာမက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ အပါအဝင် ကျန် ၂၅-နိုင်ငံကလည်း ပါဝင်လက်မှတ်ရေးထိုး ထားရှိပါတယ်။ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကလည်း "TAC စာချုပ်ရဲ့ ရည်ရွယ်ချက်နဲ့ မူဝါဒတွေ၊ ဒေသဆိုင်ရာ အငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းဖို့နဲ့ အရှေ့တောင်အာရှဒေသ ပြည်သူများအကြား ငြိမ်းချမ်းရေးနဲ့ ချစ်ကြည်ရင်းနှီးမှုရရှိဖို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်သွားမယ့် ပြဋ္ဌာန်းချက်တွေဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနဲ့ ကိုက်ညီမှုရှိကြောင်း" အတည်ပြုထားခဲ့ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**


မြန်မာ့ရှေ့ဆောင်ဘဏ် ®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
ငွေစုဘဏ်စာရင်း
မြန်မာ့ရှေ့ဆောင်ဘဏ် Myanma Apex Bank
စုငွေစာရင်းစာအုပ် SAVINGS DEPOSIT PASS BOOK
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)
Date Code Withdrawal Deposit Balance
01.05.2017 CHD 500,000.00 500,000.00
05.05.2017 CHD 500,000.00 1,000,000.00
15.05.2017 CHW 700,000.00 300,000.00
29.05.2017 CHD 1,000,000.00 1,300,000.00
ယခင်အတိုးတွက်ပုံစံ
အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက်အတိုး / ၁၀၀ x ၁၂ = ရရှိမည့်အတိုး
May လအတွက် ခံစားရမည့်အတိုး = ၂,၁၂၅ကျပ်
ယခုအတိုးတွက်ပုံစံ
နေ့စဉ်လက်ကျန် x ၁နှစ်အတွက်အတိုး / ၃၆၅ x စုစုပေါင်းရက် = ရရှိမည့်အတိုး
May လအတွက် ခံစားရမည့်အတိုး = ၄,၆၈၀.၈၀ကျပ်
Hotline: (951) 8610612
Scan QR Code with your Smart Phone to Find MAB Branches

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ ဇွန်လ ၂၆ရက်)

၁။ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ကျင်းပမည့်(၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၄)ကြိမ်မြောက်နှင့် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ်**("က" အက္ခရာမှ အစဉ်လိုက် "ဖ" အက္ခရာထိ)** = ၂၂လုံး

(ခ) အကြိမ်မြောက်နှင့်မည်သည့်နေ့တွင်ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် **အရန်ထီလက်မှတ်("ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ)** = ၂၂လုံး

**စုစုပေါင်းအက္ခရာ = ၄၄လုံး**

၂။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၄၄)လုံးဖြစ်၍၊ ထီစာအုပ်ပေါင်း(၃၅၉၉၉၉၂)အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေပေါင်းမှာ (၃၉၅၉၉၉၁၂)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၁၇၉၉၉. ၉၆)ဖြစ်ပါသည်။ ၆၀%ထီဆုငွေအဖြစ် ခွဲဝေပေးမည့်ငွေပေါင်းမှာ (ကျပ်သန်းပေါင်း၁၀၇၉၉. ၉၇၆)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်-

**(က) အထူးဆုကြီးစနစ်**

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |

**(ခ) ဆုတစ်ဆုချင်းစနစ်**

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၂) | ကျပ်သိန်းသုံးရာ | = | (၉) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) ဆု |
| (၅) | ကျပ်သိန်းသုံးဆယ် | = | (၁၂) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၁၃) ဆု |

**(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

| | | | |
|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၁၂၀၀၀)ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၁၀၀၀၀၀)ဆု |
| | **စုစုပေါင်း** | **=** | **(၁၁၃၁၇၅)ဆု** |

၅။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၇-၂၀၁၇ရက် (စနေနေ့)၊ နံနက်(၈)နာရီတွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

Since 1996
ပုလဲ
(သူငယ်တန်းမှ ၁၀တန်း)
နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း
အောင်ချက်အကောင်းဆုံး (၃) ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အဲယားကွန်းတပ် စာသင်ဆောင်၊အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးများ၊
(၀) တန်းအစိုးရစစ်အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍နှစ်ဝက်မှစ၍ (၁၀) တန်းစာပါထပ်ဆောင်းကြိုသင်ပေးပါသည်။
အမှတ်(၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၀၀၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂




ဆေးသုတ်မယ်ဆိုရင်
ဈေးနှုန်းသက်သာခြင်း၊ အချိန်တိုတွင်းပြီးစီးအောင် ပြုလုပ်ခြင်း၊ လက်ရာသေသပ်ကောင်းမွန်ခြင်းတို့ကို အာမခံပေးနိုင်သော ကျွန်တော်များအဖွဲ့ကိုဆက်သွယ်ပါ။
Ph:09 73063683
09 795809414

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်၊
Ph:09-450093119
09-263119919
09-777565619

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

CROWN EDUCATION
YOUR DOOR TO THE FUTURE
မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်
"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ . . .
• စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီဝင်ခွင့်သိမှတ်ဖွယ်ရာများ
• နိုင်ငံတကာတွင် ဆေးတက္ကသိုလ်၊ လေယာဉ်မောင်းသင်တန်း(Pilot) တက်လိုသူများ သိထားသင့်သည့်အချက်များ
• ပြည်တွင်းတက္ကသိုလ်တွေကို တက်မယ်ဆို ပုဂ္ဂလိကကျောင်း / အစိုးရကျောင်း အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
• ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာ ပြင်ဆင်သင့်သလဲ
• ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
• နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ
ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း (Educational Consultant)
British Council Education UK Agents Certificate Distinction
Call Us : 01 527 838, 09 26000 40 50, 26000 60 50
FREE SEMINAR
အတွက်
ကြိုတင်စာရင်း
ပေးသွင်းနိုင်ပါပြီ
1st July
10:00 am - 12:00 pm
HOTEL Mandalay
(Hnin Si Phyu Room)
ACT



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620


UNITED9
Company Limited
SAMSUNG
မိုးရာသီအထူးပရိုမိုးရှင်း
( 5 - 6 - 2017 ) မှ
( 30 - 6 -2017 ) အထိ
SAMSUNG တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ
ဝယ်ယူပြီး PHILIPS အမှတ်တံဆိပ်လက်ဆောင်ပစ္စည်းများ
ရယူလိုက်ပါ....
UA48H5003TK
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၅,၀၀၀ တန်ဖိုးရှိ
Blender ရယူလိုက်ပါ
SAMSUNG 48" TV
PHILIPS HR 2051
UA32J4003AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၁,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG 32" TV
PHILIPS GC 1418/02
UA40J5000AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၃,၀၀၀ တန်ဖိုးရှိ
Kettle ရယူလိုက်ပါ
SAMSUNG 40" TV
PHILIPS HD4646/56
RT22FGRADSA/L
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/21
RT20FGRVDSA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/20
RR19H1046UT/SA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/19
WA12J5710SG
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG WASHING MACHINE
PHILIPS GC 120/20
M9 PUBLIC CO.,LTD. မှဖွင့်လှစ်ထားသော Samsung Brand Shops များနှင့် အနယ်နယ်အရပ်ရပ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
www.facebook.com / M9 Group Co.,Ltd
M9 PUBLIC CO.,LTD. Authorized Master Distributor of SAMSUNG 09-977233196 , 09-977233159

## (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲဖိတ်ကြားလွှာ

ရွှေဥမင်ဆရာတော်ကြီး တည်ထောင်တော်မူခဲ့၍ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီးမှ ဦးစီးပဓာန နာယကအဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်ကြီး၌ သီတင်းသုံးတော်မူသော ကျောင်းတိုက်သံဃာ(၁၁၇)ပါးနှင့် ပင့်သံဃာ(၂၅)ပါးတို့အား (၁၈)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို (၁၃၇၉ခုနှစ်၊ ဝါဆိုလဆန်း ၈ရက်) ၁-၇-၂၀၁၇က်(စနေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါးဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်များကြွရောက်၍ အနုမောဒနာတရားစုပေါင်းနာယူ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ရိပ်သာအကျိုးတော်ဆောင်အဖွဲ့**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင်ရွက် လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ဂ၁/မမ/ဌာနခွဲ အသီးသီး | စာရေးကိရိယာနှင့် မိတ္တူကူးစက် ဆက်စပ်ပစ္စည်း(၁၆၁)မျိုး ဝယ်ယူရန် |
| ၂ | ဂ၂/မမ/ဌာနခွဲ အသီးသီး | ကွန်ပျူတာဆက်စပ်ပစ္စည်း(၆၉)မျိုး ဝယ်ယူရန် |
| ၃ | ဂ၃/မမ/ဌာနခွဲ အသီးသီး | အဆင့်မြှင့် စက္ကူဖြူ(၂)မျိုး ဝယ်ယူရန် |
| ၄ | ၂၂/မမ/CE | ရွာသာကြီးဘူတာ တည်ဆောက်ရေးစီမံကိန်းတွင် ဂဝံစေ့ပါသော တောင်မြေကျင်း(၃၀၀၀၀) မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁)မှ(၃) ၂၆.၇.၂၀၁၇ (ဗုဒ္ဓဟူးနေ့)(၁၄ : ၃၀)နာရီ
အမှတ်စဉ် (၄) ၉.၈.၂၀၁၇ (ဗုဒ္ဓဟူးနေ့)(၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၂၆.၆.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

Since 1989
SAYA-TONY အင်္ဂလိပ်စကားပြန်ဟောင်း၊ ဘာသာပြန်ဆရာ (SHELL)ဦးစီးသော
OBF Language and Business Institute

English Language Courses
IELTS – IELTS, UKVI, IELTS life, Skills A1 & B1
TOEFL – PBT, IBT
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Grammar & Academic Writing (GAW)
- Foreign Going English (FGE)
- Communicative Business English (CBE)
- Basic Grammar & Translation Course (BGT)
- 5-Skill Professional Development (5-SPD)

ICM Approved Centre ICM
ICM(UK) Single Subject Management Diploma
PROFESSIONAL COURSES
- Business Management and Administration (Dip BMA)
- Marketing Management (Dip MM)
- Human Resources Management (Dip HRM)
- Organizational Development & Change (Dip ODC)
- Financial Management (Dip FM)
- Project Management (Dip PM)
- Supply Chain Management (Dip SCM)
- Risk Management (Dip RM)
- English Course For Business Communication (Cert)
- Debate & Leadership Development (Cert DLD)

တိုက်အမှတ်(၂၀၀/၂၀၈)၊ (၅)လွှာ၊ ၃၅လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၄၉၁၇၈၊ ၀၉-၅၀၆၁၃၄၃၊ ၀၉-၅၁၃၈၈၆၇၊ ၀၉-၄၄၈၀၀၀၄၁၀




### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန
### ဖြည့်တင်းရေးဌာနခွဲ
### နေပြည်တော်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ လက်အောက်ရှိ တံတားလေးဝင်း၊ မရမ်းကုန်းမြို့နယ်တွင်ရှိသော အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အတိုင်းလေလံတင်ရောင်းချလိုပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအား လေလံတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများ**
(က) သံချောင်းရှယ်စုံအတိုအပေါင်း(၅ပေမှ၁၅ပေအတွင်း)
(ခ) ၁၂မီတာအရှည်သံချောင်းရှယ်စုံ
(ဂ) ဂျက်ကြိုး

| | |
|---|---|
| လေလံပုံစံစတင်ရောင်းချမည့်ရက် | -၅-၇-၂၀၁၇ရက် (ရုံးချိန်အတွင်း) |
| လေလံပုံစံပိတ်မည့်ရက်နှင့်အချိန် | -၂၆-၇-၂၀၁၇ရက်၊ ၁၆း၀၀ နာရီအထိ |
| လေလံဖွင့်မည့်ရက် | -၂၇-၇-၂၀၁၇(လေလံဖွင့်မည့်အချိန်ကို အကြောင်းကြားပါမည်။) |
| လေလံဖွင့်မည့်နေရာ | -ရုံးအမှတ်(၁၁)၊ လမ်းဦးစီးဌာန၊ နေပြည်တော် |

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များအား အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်သို့ မေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ဖုန်း-၀၆၇-၄၀၇၅၈၈

**လေလံခေါ်ယူရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၇၅၈၈**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ
### နေပြည်တော်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကတ္တရာနှင့် သံချောင်းလုံးများအား တိုင်းဒေသကြီး/ပြည်နယ်၊ လုပ်ငန်းခွင်အသီးသီးသို့ သယ်ယူပို့ဆောင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၇-၂၀၁၇ရက်(ရုံးချိန်အတွင်း)
၃။ တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန် -၂၅-၇-၂၀၁၇ရက်(၁၆း၀၀)နာရီအထိ
၄။ တင်ဒါဖွင့်မည့်ရက် -၂၆-၇-၂၀၁၇ရက် (လေလံဖွင့်မည့်အချိန်ကို အကြောင်းကြားပါမည်။)
၅။ တင်ဒါပုံစံ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လေလံတင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါခေါ်ယူရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၄၀၇၅၈၈**

### ကွန်ဒိုတိုက်ခန်း(သစ်)ရောင်းမည်(ပွဲစားမလို)

-ပေ(၂၅×၅၀)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း။
-(လူနေရန်၊ Company ရုံးခန်းဖွင့်ရန်၊ ငှားစားရန်)အတွက်နေရာကောင်း။
-ကျွန်းပါကေးပြည့်၊ MBR(1), BR(1), A/C(၃)လုံး၊ ဖုန်း၊ Furnitureစုံပါ။
-(5.F- ၆လွှာ)၊ လူနေခွင့်ကျပြီး၊ ဓာတ်လှေကားပါ ကွန်ဒိုတိုက်ခန်း(သစ်)။
**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (၁၄၅၀)သိန်း Ph:09-5185350**

## သင့်သွေးဖြင့်အသက်ကယ်ပါ

မျိုးလွင် DSMA, DSTA, DSA
စိုလ်လောင်းဝင်ခွင့် သင်တန်းများ
ဝင်ခွင့်ရေးဖြေ (MATHS, ENGLISH, BIO, GENERAL KNOWLEDGE
IQ ဉာဏ်စမ်း၊Physical Training)
အမှတ်(၆၅)ပိတောက်လမ်း/သပြေလမ်း၊ (ရွှေကောင်းကြွယ်နောက်) ခရေပင်လမ်းမကြီး၊ (၂/က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ဖုန်း- ၀၉ ၇၃၀၉၂၁၄၄၊ ၀၉၄၂၀၀၄၄၀၃၃၊ ၀၉ ၇၉၆၂၀၆၁၉၀






## ကြော်ငြာ

**သန်းဌေးနှင့်ရောင်းရင်းများ** ဗိုကျိုက်ထီးရိုး/ချောင်းသာ(ဖုန်း)

**ပုဂံဝါဆိုပွဲ (ဝါဆိုသင်္ကန်းကပ်)အထူးခရီးစဉ် (၇-၇-၂၀၁၇)ထွက်မည်။ ပုဂံ၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။**

☆ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ နေပြည်တော် (၄)ရက်။

☆ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေရောဝနကျောက်စိမ်းစေတီ (၄)ရက်။

☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကက္ကူ၊ ထမ်ဝမ်း (၄)ရက်။ လွိုင်ကော် ပါ (၅)ရက်။

☆ မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်။ **အပတ်စဉ်-သောကြာနေ့တိုင်း ဧည့်ချင်းပြို(ဝဒေ/တနင်္ဂနွေ)** ☆ပြည်၊ အကောက်တောင်၊ နဂါးရစ် ☆မဲလံဆံတော်ရှင် ☆ဇလွန်

**တောင်ပြိုးပင်းနှစ်ပါးပွဲတော်နှင့် အဆက်ဖြစ်မှာပြည်ခရီးစဉ်များ (၁-၈-၂၀၁၇)ထွက်မည်။ (ကြိုတင်လက်မှတ်ရောင်းပြီ)**

အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

**DADDY** (ဒယ်ဒီ) "တန်ဖိုးနည်းခရီးစဉ်"

သာမညဆရာတော်(၁၀၅)နှစ်ပြည့်ပွဲ  ၁ညအိပ်/၂ရက် 28-6-2017 25000/-
ဝန္တလေး – ပြင်ဦးလွင် – ကျောက်စိမ်းဘုရား ၂ညအိပ်/၃ရက် 7-7-2017 39000/-
ပုပ္ပါး – ပုဂံ – စွယ်တော်လေးဆူ – ပခုက္ကူ ၂ညအိပ်/၃ရက် 14-7-2017 39000/-

Ph: 09 448001903, 09-440334848

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**တော်ဝင်ပန်း**
အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
ဝါဆိုသင်္ကန်းကပ်လှူပွဲ
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊
စွယ်တော်လေးဆူ 7-7-2017
စား/တည်းပြီးသင်္ကန်းတစ်စုံပေး(၄၀၀၀၀ကျပ်/-)
Ph: 09 250006859, 09 461301117

### ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

### ၂'×၂'အရွယ် ရွှေဆိုင်း(၃၀၀၀၀)ဆိုင်းဝယ်ယူရန် ဈေးပြိုင်ကြော်ငြာစာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ၂၀၁၇ခုနှစ်အတွင်း ရွှေချလုပ်ငန်းများတွင်အသုံးပြုရန် ၂"×၂"အရွယ် ရွှေရာဆိုင်း (၃၀၀၀၀)ကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူပါမည်။

၂။ ရွှေဆိုင်းရောင်းချလိုသူများအနေဖြင့် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ၃-၇-၂၀၁၇ရက်(တနင်္လာနေ့)မှ ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့)အထိ ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်းကို ၁၃-၇-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၀၀နာရီတွင် ဂေါပကအဖွဲ့ရုံး၌ ပြုလုပ်ပါမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၂၄၉၄၃၊ ၀၉-၂၆၃၂၇၅၇၄၃၊ ၀၁-၃၇၅၇၆၇

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

**GUSTO COLLEGE**

Our Partner
UNIVERSITY OF GLOUCESTERSHIRE

အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်တန်းမပြီးဆုံးသေးသော်လည်း
Pearson (UK) မှ ချီးမြှင့်သည့် Level 3 Diploma (စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်၊ ကွန်ပျူတာ ဘာသာရပ်) မှ တဆင့်
UK တက္ကသိုလ်ပညာရေးကို ဆက်လက်လျှောက်လှမ်းနိုင်မည့် အခွင့်အလမ်းများအကြောင်း ဟောပြောပွဲ



ဟောပြောမည့်သူ - ဦးဝင်းထိန်ဝင်း (Principal, GUSTO)
နေ့ရက် - ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၁)ရက်၊ စနေနေ့
အချိန် - နေ့လည် (၁)နာရီ မှ (၃)နာရီထိ
နေရာ - GUSTO COLLEGE
အမှတ် (၂၈၉၊ ဒေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

မိမိဘဝအတွက် အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အပံ့ကောင်းများဖြစ်စေရန်အတွက် ကျောင်းသူကျောင်းသားများသာမက မိဘများပါ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေး၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။

စာရင်းပေးသွင်းရန် - (09) 8628806, (09) 789 888 222

**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029, 09-795669534

**မိုးရွာမောင်**
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် DYNA 15', 16'
ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**2017 ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက်**

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာနိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "




**IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်**

Japan Style Education
System Creator Course ( 2 years )




2017 July 21 ရက်တွင် ဖွင့်လှစ်မည့်
System Creator Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပြီ။

01 - 372691, 09 - 976334160

**METRO**
IT & Japanese Language Centre

IT Course Seminar (ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ)
Date : 2nd July 2017 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre
စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 01 - 372691, 09 - 976334160
Website - http://metro-myanmar.com/mic  Mail - mminfo@metro-myanmar.com  www.facebook.com/metrogroupmyanmar


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## သိန်းငါးထောင်၊ သိန်းသုံးထောင်နှင့် သိန်းတစ်ထောင် ဆုအရေအတွက်များ အောင်ဘာလေထီတွင် တိုးမြှင့်ထား

**ရန်ကုန်  ဇွန်  ၂၆**

လာမည့် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် အမြင့်ဆုံးဆုကြေး ကျပ်သိန်းတစ်သောင်းအပြင် ကျပ်သိန်းငါးထောင်ဆု၊ ကျပ်သိန်းသုံးထောင်ဆုနှင့် ကျပ်သိန်းတစ်ထောင်ဆုတို့ကို ဆုအရေအတွက် ထပ်တိုးချီးမြှင့်မည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ယခုလ ၁ ရက်တွင် စတင်ရောင်းချခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် ကျပ်သိန်းတစ်သောင်းဆုအပြင် ကျပ်သိန်းငါးထောင်ဆုနှစ်ဆု၊ ကျပ်သိန်း သုံးထောင်ဆု သုံးဆု၊ ကျပ်သိန်းတစ်ထောင်ဆု ခြောက်ဆုအထိ ထပ်တိုးချီးမြှင့်သွားမည်ဖြစ်ပြီး ကျပ်သိန်း ၅၀၀ ဆု ရှစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၁၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၅၀ ဆု ၁၂ ဆု၊ ကျပ်သိန်း ၃၀ ဆု ၁၂ ဆု၊ ကျပ် ၁၀ သိန်းဆု ၁၃ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ် ၃ သိန်းဆု (အက္ခရာနှင့် ရှေ့ဂဏန်း ၅ လုံးတူ) ၁၀ ယူနစ် ဆု ၁၀၀ ဆု၊ ကျပ် ၂ သိန်းဆု (အက္ခရာနှင့် ရှေ့ဂဏန်း ၄ လုံးတူ) ၁၀ ယူနစ် ဆု ၁၀၀၀ ဆု၊ ကျပ် ၁ သိန်း (အက္ခရာနှင့် ရှေ့ဂဏန်း ၃ လုံးတူ) ၁၂ ယူနစ် ဆု ၁၂၀၀၀ ဆု၊ ကျပ် ၅ သောင်းဆု (အက္ခရာနှင့် ရှေ့ဂဏန်း ၂ လုံးတူ) ၁၀ ယူနစ် ဆု ၁၀၀၀၀၀ ဆု စုစုပေါင်းဆုမဲအရေအတွက် ၁၁၃၁၇၅ ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●**



လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်း။

## မြန်မာအသင်းခြေစွမ်းကို စောင့်ကြည့်ရမည့် လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ

**ရန်ကုန်  ဇွန်  ၂၆**

မြန်မာအမျိုးသားဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရယူနိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်နေပြီဖြစ်သည်။ ယခုနှစ်တွင် အောင်မြင်မှုရယူနိုင်ရန် ကြိုးပမ်းနေသည့် မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းမတိုင်မီ ပြိုင်ပွဲများစွာ ယှဉ်ပြိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့၌ ကျင်းပမည့် KBZ Bank Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲလည်း အပါအဝင်ဖြစ်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ○**

## သဘင်၊ ရုပ်ရှင်အနုပညာရန်ပုံငွေကပွဲ အမျိုးသားဇာတ်ရုံ(မန္တလေး)၌ ကျင်းပမည်

**မန္တလေး  ဇွန်  ၂၆**

သဘင်၊ ရုပ်ရှင်အနုပညာရန်ပုံငွေကပွဲကို ဇူလိုင် ၁ ရက်တွင် မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"လူသားအားလုံးအတွက် အခုလိုအကျိုးပြုစေမယ့်ပွဲမှာ ကိုယ့်ရဲ့ အနုပညာအတတ်ပညာနဲ့ ဝင်ရောက်ကူညီရတဲ့အတွက် ဝမ်းသာမိပါတယ်။ ရောက်တဲ့နေရာက ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအတွက် ကိုယ့်ရဲ့အနုပညာကိုအသုံးပြုပြီး အကျိုးပြုလုပ်ငန်းမှာ သဘင်နဲ့ရုပ်ရှင် ပူးပေါင်းပါဝင်ကူညီပြီး အကောင်းဆုံးကြိုးစားဖျော်ဖြေသွားမယ့် ရန်ပုံငွေပွဲဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဝေဠုကျော်က ပြောသည်။

အဆိုပါကပွဲလက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀၊ ၂၀၀၀၀ နှင့် ၁၀၀၀၀ ဖြင့် မန္တလေးမြို့ (၄၂)လမ်းနှင့် (၈၂)လမ်း×(၈၃)လမ်းကြား လောကနတ်ခန်းမနှင့် (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံတို့တွင် ဝယ်ယူရရှိနိုင်သည်။ ရရှိသည့်အလှူငွေများကို ပရဟိတလုပ်ငန်းများနှင့် မန္တလေးတိုင်းဒေသကြီး သဘင်လူမှုကူညီစောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရန်ပုံငွေပွဲတော်တွင် သရုပ်ဆောင် ဝေဠုကျော်၊ သူထူးစံ၊ မြို့ရွှေမင်းသားဖိုးချစ်၊ မင်းရာဇာ၊ စွမ်း၊ နန်းခင်မွှေး၊ မြတ်နုသွေး(ယဉ်ကျေးမှု)နှင့် သဘင်ပညာရှင်များစွာ ပါဝင်မည်ဖြစ်ကာ ဟာသလူရွှင်တော်များကလည်း ပါဝင်ကပြဖျော်ဖြေတင်ဆက်သွားမည်ဟု သိရသည်။

**တင်မောင်(မန္တလေး)**

## အမျိုးသားနှစ်ယောက်တွဲအသင်းလိုက် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း အနိုင်ရဗိုလ်စွဲ

**နေပြည်တော် ဇွန် ၂၆**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ယနေ့နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ(B)၌ ယှဉ်ပြိုင်ကစားကြသည်။

တတိယနေရာလုပွဲအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းမှ နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ကရင်ပြည်နယ် အသင်း၊ ဒုတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ၏ အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၏ ရှုံး/ထွက်ပွဲစဉ်များကို ဇွန် ၂၇ ရက် နံနက် ၈ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**




VINAMILK

ဆီးချိုသွေးချိုအတွက် ပြည့်စုံကောင်းမွန်သော အဟာရ



INULIN & OLIGOFRUCTOSE
အစာချေဖျက်မှုစနစ်အား ကောင်းမွန်စေခြင်း

PALATINOSE
သွေးတွင်းသကြားဓာတ်အား ထိန်းချုပ်ပေးခြင်း

L-CARNITINE
အဆီများအားစွမ်းအင်အဖြစ် ပြောင်းလဲပေးခြင်း

DHA, MUFA, PUFA
နှလုံးကျန်းမာခြင်းအတွက် အထောက်အကူပြုခြင်း

Diecerna



ရေနွေးနွေး ၁၈၀ မီလီလီတာတွင် Diecerna ၅ ဇွန်း (၄၆ ဂရမ်ခန့်) အားရောစပ်၍ အမှုန့်များအားလုံးပျော်ဝင်သွားသည့်တိုင် မွှေပေးပါ။
နေ့စဉ်လိုအပ်သော အဟာရဓာတ်အား ပြည့်ဝစွာရရှိစေရန်နှင့် သွေးတွင်းသကြားဓာတ်အားထိန်းညှိနိုင်ရန် Diecerna အားနေ့စဉ် မနက်တစ်ခွက်၊ ည တစ်ခွက်သောက်သုံးပါ။ ရေရှည်သောက်သုံးခြင်းအားဖြင့် မည်သည့် ဘေးထွက်ဆိုးကျိုးမျှ ဖြစ်ပေါ်ခြင်းမရှိပါ။

Marketed & Distributed By :
SYNCHRO WORLD COMPANY LIMITED
Customer Care Line : 09977121600

